နိဝ်ကူးချို့ချို့အနုပညာ

# ပြောင်းလဲရေးခရီးသည်

## နှင့် အခြားသတင်းဆောင်းပါးများ

သားကြီးမောင်ဇေယျ



Zeya

mgyoe.com

mgyoe.com



## သားကြီးမောင်ဇေယျ

ကိုယ်ရေးအကျဉ်း

အမည်ရင်း ဦးဇေယျဖြစ်သည်။ ၁၉၅၃ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ပျဉ်းမနား၊ တပ်ကုန်းမြို့နယ်၊ သံပုရာကုန်းကျေးရွာတွင် မွေးဖွားသည်။ အဘအမည် ဦးမောင်မောင် (စာရေးဆရာ လင်းယုန်မောင်မောင်)နှင့် အမိအမည်မှာ ဒေါ်စန်းမြင့်ဖြစ်သည်။ အ.ထ.က(၅) တာမွေ (St.Francis Boy's school)တွင် LKG တန်းမှ ၁၉၇၂ ခုနှစ် (၁၀)တန်းအထိ ပညာသင်ယူခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် သင်္ချာအဓိကဖြင့် စတုတ္ထနှစ်အထိ ပညာသင်ယူခွင့် ရခဲ့သည်။ ၁၉၇၄ ခုနှစ်၊ ဦးသန့်အရေးအခင်း၊ ၁၉၇၆ ခုနှစ် မှိုင်းရာပြည့် အရေးအခင်းတွင် ပါဝင်မှုကြောင့် ထောင်ကျ ကျောင်းထုတ်ခံခဲ့ရသည်။ ၁၉၇၂ ခုနှစ်၊ မတ်လထုတ် မိုးဝေမဂ္ဂဇင်းတွင် မဏ္ဍပ်အမည်ရှိ ကဗျာကို မောင်ဇေယျ ကလောင်အမည်ဖြင့် ရေးသားခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် သူငယ်ချင်းများနှင့်အတူ ရွှေနှလုံးသား ကဗျာစာအုပ်၊ မိုးထဲကနှင်းဆီ၊ လမ်းလျှောက်သူများ ဝတ္ထုတိုတို့ကို ထုတ်ဝေခဲ့သည်။ ရှုံ့သစ်မဂ္ဂဇင်းတွင် အရှက်လှူအမည်ရှိ ဝတ္ထုတိုကို ဖော်ပြခံခဲ့ရသည်။ ၁၉၈၈ ခုနှစ် အရေးတော်ပုံကာလအတွင်း လူ့အခွင့်အရေးသတင်းစဉ်ကို မိုးကုတ်မြို့တွင် ထုတ်ဝေခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် အမေရိကန်အခြေစိုက် မိုးမခ အွန်လိုင်းမဂ္ဂဇင်းတွင် ပြည်တွင်းသတင်းနှင့် ဆောင်းပါးများ ရေးသားခဲ့သည်။ Beauty Max မဂ္ဂဇင်းတွင် ပန်းချီဆောင်းပါးများ လစဉ်ရေးသားခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ပိတောက်ပွင့်သစ်မဂ္ဂဇင်းနှင့် ဂျပန်အခြေစိုက် အဟာရ အွန်လိုင်းမဂ္ဂဇင်းတို့တွင် မျက်နှာဖုံးပုံများ ရေးဆွဲခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် DVB ရုပ်သံနှင့် ချိတ်ဆက်ပြီး ပြည်တွင်းမှ သတင်းများ ရိုက်ကူးပေးပို့ခဲ့သည်။ ထိုအချိန်မှာပင် ဆရာကြီး ဟံသာဝတီဦးဝင်းတင်နှင့် အဝေးရောက် NLD အစိုးရကြား ဆက်သွယ်ရေးကို တာဝန်ယူ ဆောင်ရွက်ပေးခဲ့သည်။ ၂၀၁၀ ဧပြီလတွင် X2O သင်္ကြန်မဏ္ဍပ် ဗုံးပေါက်ကွဲမှုကို သတင်းသွားယူသော သားဖြစ်သူ ဧည်သူဇေယျနှင့်အတူ အဖမ်းခံခဲ့ရသည်။ ၂၀၁၇ ခုနှစ်တွင် ပြေးပြေးလွှားလွှားသတင်းသမား ဆောင်းပါးပေါင်းချုပ်ကို ထုတ်ဝေခဲ့သည်။

LYM0024
2,800.00 KS

mgyoe.com

ပြောင်းလဲရေးခရီးသည်၊ သားကြီးမောင်ဧယျ
မျက်နှာဖုံးဒီဇိုင်း - သားကြီးမောင်ဧယျ
စာမျက်နှာ ၂၁၂ ++ မျက်နှာ၊ ၁၃ • ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၉၊ ဒီဇင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | **စာရေးသူရဲ့အမှာ** | က |
| ၁။ | အိမ်တွင်းငြိမ်းချမ်းရေးမှ ပြည်တွင်းငြိမ်းချမ်းရေးသို့ | ၁ |
| ၂။ | ဦးနှောက်ကလေး စားသွားကြပါဦး | ၆ |
| ၃။ | မဟူရာကောင်းကင်ပေါ်က မျက်ရည်စက်များ | ၉ |
| ၄။ | သတိ မီးနီမဖြတ်ရ | ၁၅ |
| ၅။ | ဘတ်စ်ကားစီးဖူးသလား | ၁၈ |
| ၆။ | နှင်းဆီနီနီ | ၂၂ |
| ၇။ | သမဂ္ဂအိပ်မက် | ၂၇ |
| ၈။ | ကဗျာကလေးတစ်ပုဒ်အကြောင်း | ၃၄ |
| ၉။ | ဘာသာမပြန်နိုင်သော ဝေဒနာများ | ၃၈ |
| ၁၀။ | တကယ်ပြောတာပါ | ၄၄ |
| ၁၁။ | သခင်ဗဟိန်းနဲ့ ကျွန်တော်တို့ | ၄၉ |
| ၁၂။ | သတင်းသမားများအတွက် ထောင်အဝင်လမ်းညွှန် | ၅၃ |
| ၁၃။ | ဆန့်ကျင်ဘက်တို့နဲ့အတူ | ၅၇ |
| ၁၄။ | ဘင်္ဂလားရောက် သတင်းသမားနှစ်ယောက် | ၆၂ |
| ၁၅။ | ရွှေပလ္လင်ထက်မှာပြောမယ့် သတင်းမှားတွေအကြောင်း | ၆၈ |
| ၁၆။ | ခေးတို့ကို ကွီးပြောမယ် (ကလေးတို့ကို အစ်ကိုကြီးပြောမယ်) | ၇၂ |


mgyoe.com

mgyoe.com


၁၇။ မယုံရဲရဲ ရဲရဲမယုံ ၇၆

၁၈။ ရန်ကုန်တိုင်းဝန်ကြီးချုပ်နဲ့ Eleven Media တို့ရဲ့
ကာရန်မဲ့ ပွတ်တိုက်မှု ၈၁

၁၉။ ဝီစကီတစ်ပုလင်းနဲ့ ရခိုင်ခရီးအစ ၈၅

၂၀။ မိုးကုတ် နှစ် ၈၀၀ အသံများ ၈၉

၂၁။ သာလီစွ ရခိုင်ပြည်နယ် ၉၄

၂၂။ မိုးကိုမျှော်နေပါပြီ ၉၉

၂၃။ စံမင်းရဲ့ ထောင်ဇာတ်လမ်းတွဲ ပန်းချီပြပွဲ ၁၀၂

၂၄။ ယုံကြည်ရာလမ်း ၁၀၆

၂၅။ သတင်းသမားရဲ့တစ်နေ့တာ ၁၀၉

၂၆။ ဘာကြောင့် မဲပေးကြသလဲ ၁၁၂

၂၇။ အလိုက်သိချိန်တန်ပြီ ၁၁၅

၂၈။ စစ်ကိုရပ်ကြမလား အသက်ရှုရပ်ကြမလား ၁၁၈

၂၉။ မီဒီယာကောင်စီအသစ်ကို စိန်ခေါ်နေတဲ့ ပွတ်တိုက်မှု ၁၂၁

၃၀။ မှိန်ပျပျ အလင်းရောင်အောက်က မီဒီယာလျှောက်လမ်း ၁၂၄

၃၁။ မီဒီယာဥပဒေသစ်က ဥခွံဟောင်းကို ထိုးဖောက်
ထွက်နိုင်မလား ၁၂၇

၃၂။ ငြိမ်းချမ်းဖွံ့ဖြိုးရေးနဲ့ အလုံးစုံအနိုင်ရရေး ၁၃၂

၃၃။ စိုးရိမ်မှုစွမ်းအင်နဲ့ ပြောင်းလဲတော့မယ့် ၂၀၀၈ ဖွဲ့စည်းပုံ ၁၃၄

၃၄။ ပခုံးပေါ်က လက်များ ၁၃၇

၃၅။ လောကဓံမြားချက်တွေနဲ့ မြန်မာ့ဆင် ၁၄၁

၃၆။ မျက်နှာမည်းကြီးရဲ့ကျိန်စာ ၁၄၅

၃၇။ နိုးထလာတဲ့ နဂါးကြီးနဲ့ မြန်မာနိုင်ငံ (၁) ၁၄၈

၃၈။ နိုးထလာတဲ့ နဂါးကြီးနဲ့ မြန်မာနိုင်ငံ (၂) ၁၅၂

၃၉။ စည်ပင်ရွေးကောက်ပွဲလား
အထွေထွေရွေးကောက်ပွဲအကြို အားစမ်းပွဲလား ၁၅၇

၄၀။ သမိုင်းထဲက ဘော်ကြို ၁၆၁

၄၁။ စိန်ခေါ်မှုများနဲ့ ပြောင်းလဲရေးခရီးသည် ၁၆၇


mgyoe.com

mgyoe.com


၄၂။ မြစ်ရောအရေး ကြောက်ကြောက်နဲ့တွေး ၁၇၁

၄၃။ သတင်းလွတ်လပ်ခွင့် ပြဒါးတိုင် ၁၇၅

၄၄။ ကမ္ဘာ့အလုပ်သမားနေ့ ၁၇၈

၄၅။ မှားမှန်ခွဲခြား သတင်းစကား ၁၈၁

၄၆။ မီဒီယာနဲ့ ခြေလှမ်းညီညီ ၁၈၅

၄၇။ ကျေးဇူးတင်ပါတယ် ၁၈၈

၄၈။ အပ်ချည်ကြိုးလက်ထိပ် ၁၉၂

၄၉။ ပေါင်မုန့်တစ်ယှက် နို့တစ်ခွက် ၁၉၇

၅၀။ ဖေဖေ့လွယ်အိတ်ထဲက စာအုပ်တွေ ၂၀၃

၅၁။ ကုန်းကွကွမီဒီယာ ၂၀၈


✦

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# စာရေးသူရဲ့အမှာ

ဒီစာအုပ်မှာပါတဲ့ ဆောင်းပါးတွေဟာ ၂၀၁၇၊ ၂၀၁၈၊ ၂၀၁၉ ခုနှစ်အတွင်း DVB၊ မိုးမခ၊ ဧရာဝတီ အွန်လိုင်းနဲ့ ဒီလှိုင်း ပုံနှိပ်ဂျာနယ်တွေမှာပါခဲ့တဲ့ ဆောင်းပါးတွေကို စုစည်းထားတာပါ။

၂၀၁၇ ခုနှစ်က ထုတ်ဝေခဲ့တဲ့ ကျွန်တော့်ရဲ့ **ပြေးပြေးလွှားလွှားသတင်းသမား**ဆိုတဲ့ စာအုပ်ရဲ့ အဆက်လို့လည်း ပြောလို့ရသလို ခေတ်ပြောင်းချိန်ကို ရေးမှတ်မိတဲ့ ကျွန်တော့်ရဲ့ မှတ်တမ်းကလေးလို့လည်း ဆိုနိုင်ပါတယ်။

တကယ်တော့ ကျွန်တော်တို့ ဖြတ်သန်းရတဲ့ ခေတ်နဲ့ ကျွန်တော်တို့ ခံစားချက်တွေ၊ အတွေးအမြင်တွေကို ရေးမိတာပါ။ အချက်အလက်တွေ၊ အဖြစ်အပျက်တွေ၊ ခံစားမှုတွေ၊ အတွေးတွေကတော့ အရောရော အထွေးထွေးပါပဲ။

ဘာကြောင့်ရေးတာလဲလို့ မေးရင်တော့ ကျွန်တော့်မှာ ရှင်းလင်းတဲ့ အဖြေမရှိပါဘူး။ စိတ်ပြေလက်ပျောက် ရေးမိတာလား၊ နာကျင်ခံစားရလို့ ရေးမိတာလား၊ မှတ်တမ်းကလေးတစ်ခု ကျန်ခဲ့ဖို့ ရည်ရွယ်ရေးမိတာလား၊ ဒါမှမဟုတ် ပြောချင်တာလေးတွေ နားထောင်သူ မရှိတဲ့အခါ စာနဲ့ရေးပြီး တစ်ယောက်တည်း ပြောနေမိတာလား မပြောတတ်ပါ။ ဘာကြောင့် ရေးမိတာလဲလို့ စဉ်းစားမိတိုင်း ဝေဝါးဝါး အဖြေတွေသာ ရခဲ့ပါတယ်။

ခု အဲဒီစာတိုပေစကလေးတွေကို စာအုပ်ထုတ်ဖို့ စီစဉ်မိပြန်ပါပြီ။

mgyoe.com

mgyoe.com



– အိမ်တွင်းငြိမ်းချမ်းရေးမှ ပြည်တွင်းငြိမ်းချမ်းရေးသို့

– ဦးနှောက်ကလေး စားသွားကြပါဦး

– သတိ မီးနီမဖြတ်ရ

– ဘတ်စ်ကားစီးဖူးသလား

– နှင်းဆီနီနီ

– တကယ်ပြောတာပါ

– သတင်းသမားများအတွက် ထောင်အဝင်လမ်းညွှန်

– ခေးတို့ကို ကွီးပြောမယ်

– ဝီစကီတစ်ပုလင်းနဲ့ ရခိုင်ခရီးအစ

– ယုံကြည်ရာလမ်း

– သတင်းသမားရဲ့တစ်နေ့တာ

– အပ်ချည်ကြိုးလက်ထိတ်

– အလိုက်သိချိန်တန်ပြီ

– ကျေးဇူးတင်ပါတယ်

– ကုန်းကွကွ မီဒီယာ

စတဲ့ ဆောင်းပါးတွေကတော့ ရယ်လိုက် မောလိုက်နဲ့ ရေးမိတဲ့ ဆောင်းပါးတွေပါ။ စာဖတ်သူတချို့က သရော်စာအမျိုးအစားလို့ ပြောပါတယ်။ သရော်တော်တော် ရေးမိသလို ဖြစ်သွားရင်လည်း ခွင့်လွှတ်စေချင်ပါတယ်။ အရူးနဲ့ ကလေးတွေကို ခွင့်လွှတ်သလိုမျိုးပေါ့။

– ကဗျာကလေးတစ်ပုဒ် အကြောင်း

– ဘာသာမပြန်နိုင်သော ဝေဒနာများ

– စံမင်းရဲ့ ထောင်ဇာတ်လမ်းတွဲ ပန်းချီပြပွဲ

– ပေါင်မုန့်တစ်ယှက် နို့တစ်ခွက်

စတဲ့ ဆောင်းပါးတွေကတော့ အကျဉ်းစံကာလက အဖြစ်အပျက်ကလေးတွေကို တိုက်ဆိုင်တိုင်း သတိရမိလို့ ရေးမိတာပါ။

– မဟူရာကောင်းကင်ပေါ်က မျက်ရည်စက်များ

– သမဂ္ဂအိပ်မက်

– သခင်ဗဟိန်းနဲ့ ကျွန်တော်တို့

mgyoe.com

mgyoe.com



- ဆန့်ကျင်ဘက်တို့နဲ့ အတူ
- ဘင်္ဂလားရောက် သတင်းသမားနှစ်ယောက်
- ရန်ကုန်တိုင်းဝန်ကြီးချုပ်နဲ့ Eleven Media တို့ရဲ့ ကာရန်မဲ့ ပွတ်တိုက်မှု
- မိုးကုတ် နှစ် ၈၀၀ အသံများ
- သာလီစွ ရခိုင်ပြည်နယ်
- မိုးကိုမျှော်နေပါပြီ
- ဘာကြောင့် မဲပေးကြသလဲ
- စစ်ကိုရပ်ကြမလား အသက်ရှူရပ်ကြမလား
- မီဒီယာကောင်စီအသစ်ကို စိန်ခေါ်နေတဲ့ ပွတ်တိုက်မှု
- မီဒီယာဥပဒေသစ်က ဥခွံဟောင်းကို ထိုးဖောက်ထွက်နိုင်မလား
- ငြိမ်းချမ်းဖွံ့ဖြိုးရေးနဲ့ အလုံးစုံအနိုင်ရရေး
- စိုးရိမ်မှုစွမ်းအင်နဲ့ ပြောင်းလဲတော့မယ့် ၂၀၀၈ ဖွဲ့စည်းပုံ
- ပခုံးပေါ်ကလက်များ
- လောကခံမြားချက်တွေနဲ့ မြန်မာ့ဆင်
- မျက်နှာမည်းကြီးရဲ့ကျိန်စာ
- နိုးထလာတဲ့ နဂါးကြီးနဲ့ မြန်မာနိုင်ငံ
- စည်ပင်ရွေးကောက်ပွဲလား အထွေထွေရွေးကောက်ပွဲအကြို အားစမ်းပွဲလား
- သမိုင်းထဲကဘော်ကြို
- စိန်ခေါ်မှုများနဲ့ ပြောင်းလဲရေးခရီးသည်
- မြစ်ဧရာအရေး ကြောက်ကြောက်နဲ့တွေး
- သတင်းလွတ်လပ်ခွင့် ပြဒါးတိုင်
- ကမ္ဘာ့အလုပ်သမားနေ့
- မှားမှန်ခွဲခြား သတင်းစကား
- မီဒီယာနဲ့ ခြေလှမ်းညီညီ
- ဖေဖေ့လွယ်အိတ်ထဲက စာအုပ်တွေ

စတဲ့ဆောင်းပါးတွေကတော့ ကျွန်တော့် အတွေးအမြင်တွေကို

mgyoe.com

mgyoe.com



အလေးထားရေးမိတဲ့ ဆောင်းပါးတွေပါ။

ကျွန်တော် အထူးပြောလိုတာက စိန်ခေါ်မှုများနဲ့ ပြောင်းလဲရေး ခရီးသည် ဆိုတဲ့ ဆောင်းပါးအကြောင်း ဖြစ်ပါတယ်။

ဒီဆောင်းပါးဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဗေရာဝတီတိုင်း ခရီးစဉ် အကြောင်း ဖြစ်ပါတယ်။

ဒီခရီးစဉ်ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရ သုံးနှစ်တင်း တင်းပြည့်တဲ့ အချိန်မှာ ထွက်ခဲ့တဲ့ ခရီးစဉ် ဖြစ်ပါတယ်။

ဒီခရီးစဉ်အကြောင်း လေ့လာမိရာက ဒေါ်အောင်ဆန်းစုကြည် တစ်ယောက် စနစ်ကြီးတစ်ခုလုံးကို ပြောင်းလဲဖို့ ဘယ်လို လုံးပန်းနေတယ်ဆိုတာနဲ့ သူ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ဖျတ်ခနဲ သတိထားမိလိုက်ပါတယ်။ အဲဒီအကြောင်းကလေးကို ရေးမှတ်မိရင်း ဒီစာအုပ်ရဲ့နာမည်ကို ပြောင်းလဲရေး ခရီးသည်လို့ ပေးဖို့ စိတ်ကူးရလိုက်တာပါ။

လက်ရှိအချိန်မှာ ကျွန်တော်တို့အားလုံးလည်း သူနဲ့အတူ ခရီးသွားနေရတဲ့ ပြောင်းလဲရေးခရီးသည်တွေ မဟုတ်ပါလား။

ဒီစာအုပ်ကို ဖတ်ပြီးချိန်မှာ ကျွန်တော်တို့ အမှောင်ခေတ်ကို ဘယ်လို အတွေးအမြင်တွေနဲ့ ဘယ်လို ဖြတ်သန်းခဲ့ရသလဲ၊ ပြောင်းလဲချိန်မှာ ဘာတွေ ရင်ဆိုင်နေရသလဲဆိုတာ နည်းနည်းပါးပါး ရိပ်စားမိရင် ကျေနပ်ပါပြီ။

(၁၉– ၈– ၂၀၁၉)

✦

mgyoe.com

mgyoe.com



## အိမ်တွင်းငြိမ်းချမ်းရေးမှ ပြည်တွင်းငြိမ်းချမ်းရေးသို့

> ၂၀၁၇ ခုနှစ်ဟာ မြန်မာပြည် ပြည်တွင်းငြိမ်းချမ်းရေးနှစ်လို့
> ဒေါ်အောင်ဆန်းစုကြည်က ပြောထားတာကြောင့်
> ကျွန်တော့်ဇနီးကို အလျှော့ပေးလိုက်တာပါ။
> ပြည်တွင်းငြိမ်းချမ်းရေးကို ကြိုဆိုတဲ့အနေနဲ့ပါ။

တဝေါဝေါ မြည်နေတဲ့ အဝတ်လျှော်စက် အသံတွေ ကြားထဲက ...

"ဟေ့ ယောကျ်ားရေ လျှော်ပြီးသား အဝတ်တွေ လာလှန်းပေးဦး" အမိန့်ပေးသံလား၊ အကူအညီတောင်းသံလား သဲသဲကွဲကွဲ မစဉ်းစားမိခင် အဝတ်လျှော်နေတဲ့ မိန်းမနားကို ကျွန်တော် ရောက်သွားပါပြီ။ ခြေဖနောင့်နှစ်ခုပူး၊ ခြေဖျားနှစ်ခုကို လေးလက်မခွာ၊ ခါးကိုမတ်မတ်ထား၊ လက်နှစ်ဖက်ကို ကပ်ထား၊ ရင်ကိုကော့၊ ဖင်ကိုကောက်၊ သတိအနေအထားနဲ့ရပ်၊ မိန်းမ ဘာညွှန်ကြားမလဲ နာခံရန်အသင့်။ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ လျှော်ပြီးသား ထဘီနဲ့ မိန်းမအတွင်းခံဘောင်းဘီတွေက ပလတ်စတစ် ဇလုံအနက်ထဲမှာ။ ကျွန်တော့်အဝတ်တွေ လုံချည်တွေက အပြာရောင် ဇလုံထဲမှာ။ ဒီအချိန်မှာပဲ ယောကျ်ားမာနက ကျွန်တော့်ငယ်ထိပ်တက် လာပါတယ်။ "ငါက မိန်းမခိုင်းတာကို လုပ်မယ့်ကောင်မဟုတ်" သူ မခိုင်းခင် အဝတ်လျှော် ဇလုံနှစ်ခုကိုထပ်၊ ခေါင်းပေါ်ရွက်၊ ယောကျ်ားဘသား ဒီလောက်တော့ အပျော့။ ကိုင်း အဝတ်လှန်းတဲ့ နေရာကို သွားကြစို့။

mgyoe.com

mgyoe.com


"ယောကျ်ား ဒါ ဘာလုပ်တာလဲ" သူ့အသံက နည်းနည်း မာနေတယ်။

"အဝတ်လှန်းမလို့လေကွာ"

ကျွန်တော့်အသံ နည်းနည်း ပျော့သွားတယ် ထင်ပါတယ်။ မတတ်နိုင်ပါဘူး။ သူ မာရင် ကိုယ်ပျော့ရမှာက ကျွန်တော်တို့ အတောင်နှစ်ဆယ် ဝတ် မင်းယောကျ်ားတွေရဲ့တာဝန်။ ဒီလိုမှ မဟုတ်ရင် သူတစ်ခွန်းကိုယ် တစ်ခွန်း စကားများ ရန်ဖြစ်ကြလိမ့်မည်။ ရိုက်ဟယ် နှက်ဟယ် ဖြစ်ကြလိမ့်မည်။

အိမ်တွင်းအကြမ်းဖက်မှုတွေ ဖြစ်ကြလိမ့်မည်။

အိမ်တွင်းအကြမ်းဖက်မှု ဆိုတာက

စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

မိရိုးဖလာဓလေ့ထုံးစံအရ အကြမ်းဖက်မှု

စီးပွားရေးဆိုင်ရာ အကြမ်းဖက်မှု

စသည်ဖြင့် အကြမ်းအားဖြင့် သတ်မှတ်နိုင်တယ်လို့ ဆိုပါတယ်။

စစ်ဖြစ်တာတွေ၊ နိုင်ငံတကာ အကြမ်းဖက်မှုဖြစ်တာတွေဟာ အိမ်တွင်း အကြမ်းဖက်မှုတွေက စခဲ့တာတဲ့။ ၂၀၁၇ ခုနှစ်ဟာ မြန်မာပြည် ပြည်တွင်း ငြိမ်းချမ်းရေးနှစ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောထားတာ ကြောင့် ကျွန်တော့်ဇနီးကို အလျှော့ပေးလိုက်တာပါ။ ပြည်တွင်းငြိမ်းချမ်းရေး ကို ကြိုဆိုတဲ့ အနေနဲ့ပါ။ အိမ်တွင်းငြိမ်းချမ်းရေးမှသည် ပြည်တွင်းငြိမ်းချမ်း ရေး ဆီသို့ဆိုတဲ့ ကြွေးကြော်သံကို ကိုင်ဆွဲပြီးတော့ပေါ့။ တကယ်တော့ အဲဒီ ကြွေးကြော်သံကို ဘယ်သူမှ ကြွေးကြော်ခိုင်းတာမဟုတ်။ ဘယ်မှာမှ ပိုစတာ ချိတ်ထားတာမရှိ။ ဘယ်သူတွေ ဘယ်အလုပ်ရုံဆွေးနွေးပွဲကမှ ဆုံးဖြတ်ချက် ချထားတာမဟုတ်ပါ။ ကျွန်တော့်ဇနီးနားရောက်မှ ဒီကြွေးကြော် သံက ခေါင်းထဲ အထိတ်တလန့်နဲ့ အလိုလို ခုန်ထွက်လာတာပါ။

စကားမစပ်ပြောရဦးမယ်။ ကျွန်တော်တို့ သင်ယူထားတဲ့ ဂျဲန်ဒါ (GENDER) ဆိုတာ လူမှုဝန်းကျင်ဆိုင်ရာ သတ်မှတ်ချက်တစ်ခုပါ။ ကာလ ဒေသ ရာသီဥတု လူမျိုးစုဓလေ့ထုံးစံတွေနဲ့ ဆက်နွှယ်နေပါတယ်။ ဥပမာ

mgyoe.com

မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာလောက်က အမျိုးသားတွေသာ ဘောင်းဘီဝတ်ခဲ့ကြပြီး အမျိုးသမီးတွေ အများစုဟာ ဘောင်းဘီဝတ်လေ့ မရှိပါဘူး။ အခုတော့ အမျိုးသမီးတွေ ဘောင်းဘီဝတ်တာ မဆန်းတော့ပါ ဘူး။ ဟိုးရှေးရှေးက ယောကျ်ားတွေသာ ရုံးတက်၊ အပြင်ထွက် စီးပွားရှာ ကြတာပါ။ အမျိုးသမီးတွေက အိမ်မှာ ကလေးထိန်း၊ အဝတ်လျှော် အိမ် အလုပ် လုပ်ခဲ့ကြရပါတယ်။ ဒါကို လူမှုပုံစံအသွင်းခံရတာလို့ ဆိုပါတယ်။ ခုတော့ ပြောင်းလဲသွားပါပြီ။ ရုံးတက် အပြင်ထွက် အလုပ်လုပ်၊ ယောကျ်ား တွေလည်း လိုအပ်ရင် လိုအပ်သလို အိမ်အလုပ်လုပ်၊ ကလေးထိန်းနေကြ ပါပြီ။ ဒါဟာ ပြောင်းလဲမှုပါ။ ပြောင်းလို့လည်းရပါတယ်။ ဒါပေမဲ့ ပြောင်းလဲ လို့ မရတာက ကလေးမွေးတာ၊ နို့တိုက်တာနဲ့ လိင်အင်္ဂါတွေပါ။ အဲဒီလို ပြောင်းလဲလို့မရတာကို လိင် (Sex) လို့ သတ်မှတ်ကြပါတယ်။ ဒါဟာ ဇီဝဆိုင်ရာ သတ်မှတ်ချက်တစ်ခုဖြစ်တယ်လို့ ဆိုကြပါတယ်။

ဒါကြောင့် အဝတ်လျှော်၊ ထမင်းချက်တဲ့ အလုပ်တွေမှာ ကျား မ ခွဲခြားစရာ မလိုသလို အဝတ်အစား ဝတ်ရာမှာလည်း ယောကျ်ားအဝတ်က မြင့်မြတ်ပြီး မိန်းမအဝတ်ဟာ နိမ့်ကျတယ်လို့ မယူဆသင့်ပါဘူး။

အခုပဲကြည့်လေ ကျွန်တော့်မိန်းမက ယောကျ်ားအဝတ်၊ မိန်းမအဝတ် ခွဲလျှော်ထားတယ်။ ဇလုံတစ်ခုစီ ထားတယ်။ ဒါကို ဂျဲန်ဒါ ခွဲခြားမှုလို့ ခေါ်နိုင်ပါတယ်။

"ရှင် ထဘီဇလုံကြီး သယ်သွားမှာလား"

"ဒါတွေ အရေးမကြီးပါဘူး။ မင်းက ဂျဲန်ဒါ ခွဲခြားနေလို့ ဖြစ်တာ။ ယောကျ်ားအဝတ်ဖြစ်ဖြစ်၊ မိန်းမအဝတ်ဖြစ်ဖြစ် အတူတူပဲ။ တစ်ခုခုလုပ်ရင် ဂျဲန်ဒါ မျက်မှန်လေးတပ်ကြည့်စမ်းပါ မိန်းမရာ"

"အို ဘာမျက်မှန်လဲ။ မျက်မှန်က ခဏခဏပျောက်လို့ စိတ်ညစ်ရတဲ့ အထဲ ရှင်က နောက်ထပ်မျက်မှန် ထပ်တပ်ခိုင်းပြန်ပြီ။ ရှင် အခုလုပ်ရမှာက ထဘီဇလုံကိုထားခဲ့၊ ရှင့်အဝတ်ဇလုံကို ယူသွား၊ အိမ်ရှေ့မှာလှန်း၊ သေသေ ချာချာ ဖြန့်လှန်း ဒါပဲ"

ကျွန်တော် သင်ယူဖူးတဲ့ ဂျဲန်ဒါသင်တန်းတစ်ခုမှာတော့ ယောကျ်ား တွေက ဆုံးဖြတ်ချက်ချတဲ့နေရာမှာ အလိုလို နေရာရနေကြတယ်တဲ့။ ဥပမာ

mgyoe.com


ရပ်ကွက်လူကြီးနေရာ၊ သမ္မတနေရာ၊ အိမ်ထောင်ဦးစီးနေရာ အဲဒီနေရာတွေမှာ အမျိုးသမီးတွေ နေရာရလာဖို့ ကြိုးစားသင့်တယ်တဲ့။ ဒီအဆိုကို ကျွန်တော် သိပ်ဘဝင်မကျပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က မိန်းမပြောတာကို နာခံဖို့ ဆုံးဖြတ်ချက်ချထားတာမို့ပါ။ အဲဒီဆုံးဖြတ်ချက်ချခွင့်ကလေးတော့ ကျွန်တော်တို့ ပုရိသယောကျ်ားတွေ ပေးသင့်တယ်ထင်ပါတယ်။

ခုလည်း ကျွန်တော့်ဆုံးဖြတ်ပိုင်ခွင့်ကို အလျှော့မပေးဘဲ မိန်းမခိုင်းတဲ့အတိုင်း လိုက်လုပ်ပစ်လိုက်ပါတယ်။ ယောကျ်ားဆိုတာ ဆုံးဖြတ်ချက်ခိုင်မာရတယ်။ ထွေးပြီးသား တံတွေးကို ပြန်မမျိုဘူး။ ပြောပြီးသား စကားကို တည်အောင်လုပ်တယ်။ ကဲ လှန်းပစ်လိုက်မယ် အဝတ်တွေအားလုံး။ ဘာဖြစ်လဲ။

ကျွန်တော် အဝတ်လှန်းပြီးချိန်မှာ သူက ရေချိုးနေပါပြီ။ ရေချိုးမပြီးခင် သူ စားဖို့ ထမင်းတွေ ဟင်းတွေ နွှေးထားရမှာက ကျွန်တော့်တာဝန်။ အဲဒီတာဝန်တွေကို ဘယ်တုန်းကယူခဲ့တာလည်းတော့ မသိပါ။ ကြင်စဦး ဇနီးမောင်နှံဘဝက သူ ယူထားတဲ့တာဝန်တွေပါ။ သမီးရည်းစားဘဝတုန်းကတည်းက သူက ဒီတာဝန်တွေကို သူ ယူမယ်လို့ အကြိမ်ကြိမ်ပြောခဲ့ပါတယ်။ သူ အလုပ်ထွက်လုပ်တော့ အဲဒီတာဝန်တွေဟာ ကျွန်တော့်အပေါ် ကျရောက်လာပါတယ်။ သူကို မလုပ်နဲ့လို့ ပြောရင်လည်း စီးပွားရေး အကြမ်းဖက်သူလို့ အစွပ်စွဲခံရနိုင်တယ်။ လုပ်ပါလို့ဆိုရင်လည်း အမျိုးသမီး အခွင့်အရေး ကာကွယ်သူတွေက မိန်းမတစ်ယောက်ကို မနိုင်ဝန်ထမ်းခိုင်းတယ်လို့ အပြစ်မြင်ကြမယ်။ ရှေးရိုးစွဲတွေက ထဘီနားခိုစားချင်လို့ ခွင့်ပြုတာလို့ အပြစ်တင်ကြမယ်။ တကယ်တော့ တစ်ယောက်တည်းရှာတဲ့ ဝင်ငွေက ဒီခေတ်ကြီးမှာ မလုံလောက်တော့ဘူးလေ။

ကျွန်တော်ပြောခဲ့တဲ့ စီးပွားရေးဆိုင်ရာ အကြမ်းဖက်မှုဆိုတာကတော့ ယောကျ်ားတွေဟာ မိန်းမတွေကို အပြင်ထွက် စီးပွားရှာခွင့်မပေးဘဲ သူတို့သာ စီးပွားရှာ၊ သူတို့သာ စီမံခန့်ခွဲ၊ ငွေရှာနိုင်သူက ငွေရှာခွင့်မရသူကို တစ်ဖက်သတ် အနိုင်ကျင့်လေ့ရှိတယ်လို့ ကျား မ ရေးရာ တန်းတူညီမျှရေး ကွန်ရက် မြန်မာနိုင်ငံရဲ့ အရည်အသွေးအခြေပြုနည်းလမ်းနဲ့ လေ့လာဆန်း

mgyoe.com

mgyoe.com


စစ်ချက်တွေအရ သိရတယ်လို့ဆိုပါတယ်။ ကျွန်တော့်ဇနီးကတော့ အပြင်ထွက် စီးပွားရှာရပေမဲ့ ကျွန်တော့်ကို အိမ်တွင်းအကြမ်းဖက်မှုတွေ မလုပ်ပါဘူး။ မသကာ ဇက်ကြောနှိပ်ဖို့၊ နင်းပေးဖို့ လုပ်အားပေးခိုင်းတာလောက်ပဲ ရှိပါတယ်။ အလုပ်အဆင်မပြေရင်တော့ ကျွန်တော့်နားကိုအကြမ်းဖက်တာတော့ ရှိတာပေါ့ဗျာ။

အဲဒီအကြမ်းဖက်တာကို ကျော်ဖြတ်တဲ့နည်းကတော့ သူ ထမင်းစားပြီးတာနဲ့ ဖေ့စ်ဘွတ်သုံးတတ်အောင် သင်ပေးလိုက်တာပါပဲ။ ကျွန်တော် ပန်းကန်တွေ ဆေးပြီးချိန်မှာ သူက ဖေ့စ်ဘွတ်သုံးရင်း အိပ်ပျော်သွားပါပြီ။ သူအိပ်နေတာကို ဓာခြည်လှပ်လို့ကြည့်ရင်း ဂျဲန်ဒါဆရာမ တရားလွှတ်တော်ရှေ့နေ ဒေါ်လှလှရီ ပြောတာကို သတိရပြီး လန့်သွားပါတယ်။

အမျိုးသမီးက သဘောမတူရင် အိမ်ထောင်ဖက်ဖြစ်ပါစေ မုဒိမ်းမှုနဲ့ တရားစွဲနိုင်တယ်တဲ့။ ပုဒ်မက ၃၇၆။ ထောင်ဒဏ်က တစ်သက်တစ်ကျွန်းဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ ချမှတ်နိုင်သည်တဲ့။ အောင်မယ်လေး ဖူး ဂူး ဂူး ။

အင်း ဘာပဲဖြစ်ဖြစ်လေ ကုလသမဂ္ဂအတွင်းရေးမှူး ဘန်ကီမွန်ရာထူးက အနားမယူခင် နောက်ဆုံးပြောသွားတဲ့ မိန့်ခွန်းမှာ "ကုလသမဂ္ဂမှာ အမျိုးသမီးတွေကို အဆင့်မြင့်ရာထူးတွေမှာ အရင်ကထက် ပိုမိုတိုးမြှင့်ခန့်ထားနိုင်ခဲ့တဲ့အတွက် ကျွန်တော် ဂုဏ်ယူပါတယ်"တဲ့။

ကျွန်တော်လည်း ကျွန်တော့်အမျိုးသမီးကို နေရာပေးခဲ့ရလို့ ကျေနပ်ပါတယ်။

ကျွန်တော်တစ်ယောက် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ပထမခြေလှမ်းအဖြစ် အိမ်တွင်းငြိမ်းချမ်းရေးကို လျှောက်လှမ်းနိုင်ခဲ့ပါပြီ။


ဘန်ကီမွန်းတစ်ယောက်ကတော့ ကမ္ဘာ့ငြိမ်းချမ်းရေးကို တည်ဆောက်ဖို့အထိ ရည်ရွယ်ချက်ထားတာကြောင့် အခုဆို အဝတ်တွေလှန်း၊ ပန်းကန်တွေဆေးလို့ ပြီးမယ်မထင်သေးပါဘူး။

(ဒီဆောင်းပါးကို ကျွန်တော့်ဇနီးရဲ့ ခွင့်ပြုချက်နဲ့ အတည်ပြုရေးသားထားကြောင်း ဝန်ခံပါတယ်) (၂၁-၁-၂၀၁၇)

✦

mgyoe.com

mgyoe.com




## ဦးနှောက်ကလေး စားသွားကြပါဦး

အမျိုးသားများကို အကြမ်းဖက်မှုက ကာကွယ်ဖို့
ဥပဒေတစ်ရပ် အမြန်လိုအပ်နေပြီလို့
သတင်းခေါင်းစဉ်နဲ့ ရေးလိုက်ရင် သတင်းဖြစ် မဖြစ်။

ရပ်ကွက်ထဲက အိမ်တစ်အိမ်က ဖုန်းဆက်တယ်။ သူတို့ဘေးအိမ်မှာ အရက်မူးတဲ့ ယောကျ်ားက မိန်းမကို ရိုက်နေတာ တစ်ရပ်ကွက်လုံး ဆူညံနေတယ်။ မိန်းမခေါင်းက သွေးတွေထွက်နေတယ်။ အရိုက်ခံရတဲ့ မိန်းမက တစ်ရပ်ကွက်လုံးကို အော်ဟစ် အကူအညီတောင်းနေတယ်။ ဒီလိုသာ ဆက်ရိုက်နေရင် မိန်းမ သေသွားလိမ့်မယ်။ လူကြီးတွေ လာကယ်ပါဦးတဲ့။ အဲဒီတော့ ရပ်ကွက်လူကြီးတွေ မနေသာတော့ ရန်ဖြစ်တဲ့အိမ်ကို အမြန်သွား၊ မိန်းမကို ရိုက်နေတဲ့ ယောကျ်ားကို ဖမ်းခေါ်လာတယ်။ ယောကျ်ားက တော်တော်မူးနေတယ်။ သူ့ကို ရပ်ကွက်လူကြီးတွေက ပုဒ်မ ၄၁ နဲ့ အချုပ်ခန်းထဲပို့ဖို့ စီစဉ်တယ်။ ရဲကိုအကြောင်းကြားတယ်။ အဲ ဒါပေမဲ့။

ကျွန်တော်တို့ သတင်းထောက်တွေ အင်တာနယူး ( INTER-NEWS) က ဦးစီးကျင်းပတဲ့ ကျား မ (ဂျဲန်ဒါ) အခြေပြု အကြမ်းဖက်မှုဆိုင်ရာ သတင်းရေးသားခြင်း သင်တန်းမှာ လက်တွေ့ကွင်းဆင်းရင်း ရလာတဲ့ သတင်းတွေကို ကျွန်တော့်မိခင် သတင်းဌာန ရောက်တဲ့အခါ ပြန်လည်

mgyoe.com

mgyoe.com

မျှဝေနေတာပါ။ ကျွန်တော်တို့အခေါ် Lower house news room လို့ နာမည်ပြောင်းပေးထားတဲ့ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာပါ။

"ဆက်ပါဦး ဘာဆက်ဖြစ်လဲ"

တစ်ယောက်က သိချင်ဇောနဲ့ မေးပါတယ်။

ဒါပေမဲ့ အရိုက်ခံရတဲ့ မိန်းမက ရဲလာအခေါ်စောင့်နေတဲ့ သူ့ယောကျ်ား ရပ်ကွက်ရုံးမှာ ထိုင်ခိုင်းတုန်း လူကြီးတွေအလစ်မှာ ကွမ်းယာလေး ဝယ်ပေးလိုက်၊ ဆေးလိပ်ကလေး လာပေးလိုက်နဲ့ ခွင့်တိုင်ပြီးတစ်မျိုး၊ ခွင့်မတိုင်ဘဲ အလစ်ဝင်ပြီးတစ်မျိုး လုပ်နေသတဲ့။ အရိုက်ခံထားရတဲ့ မိန်းမ မျက်နှာမှာတော့ ဖူးရောင်နေတုန်းပဲတဲ့။ ည နည်းနည်းမှောင်လာတော့ သူ့ယောကျ်ားထိုင်နေတဲ့နားမှာ ခြင်ဆေးခွေလေး လာထွန်းပေးလိုက်၊ အနွေးထည်လေး လာပေးလိုက် လုပ်နေပြန်သတဲ့။ ရပ်လူကြီးတွေက မျက်စောင်းထိုးကြည့်လိုက်တဲ့အခါ အလိုက်တသိ အသာအယာပဲ ရုံးထဲက ထွက်သွားတယ်တဲ့။ ဒါပေမဲ့ ရုံးခြံစည်းရိုးအကွယ်ကနေ သူ့ယောကျ်ားကို ချောင်းချောင်းကြည့်နေပြန်သတဲ့။

ကဲ ခင်ဗျားတို့သာ ရပ်ကွက်လူကြီးတစ်ယောက်ဖြစ်ခဲ့ရင် ဒီလိုဖြစ်ရပ်မျိုး ရင်ဆိုင်ရမယ်ဆိုရင် ဘယ်လိုဖြေရှင်းမလဲ။ သတင်းထောက်တစ်ယောက်အနေနဲ့ ကျား မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ သတင်းဆောင်းပါးတစ်ပုဒ်ဖြစ်အောင် ဘယ်လိုရေးမလဲ။

ကျွန်တော့်မေးခွန်းကြောင့်

လက်ဖက်ရည်ဝိုင်းတစ်ဝိုင်းလုံး ငြိမ်သွားပါတယ်။

ကျွန်တော် သူတို့ကို ဦးနှောက်နည်းနည်း စားလိုက်တာပါ။

ဒါက သတင်းဆောင်းပါးအဖြစ် ရေးရမှာမဟုတ်ဘူး။ အချစ်ဝတ္ထုရေးရမှာ။

နောက်တစ်ယောက်က "မိန်းမသေသွားရင်တော့ သတင်းဖြစ်တယ်။ ဖူးရောင်တာလောက်၊ ရပ်ကွက်ရုံးရောက်တာလောက်နဲ့တော့ သတင်းမဖြစ်ဘူး"တဲ့။

နောက်တစ်ယောက်က "မြန်မာနိုင်ငံမှာ အိမ်တွင်းအကြမ်းဖက်မှုတွေ ဘယ်လောက်ဖြစ်နေသလဲဆိုတာကို ရပ်ကွက်တစ်ခုချင်းဆီမှာ စာရင်း

ကောက်မယ်။ ဆင်းရဲသားရပ်ကွက်မှာ အဖြစ်များသလား၊ ချမ်းသာတဲ့ ရပ်ကွက်မှာ အဖြစ်များသလား သုတေသနပြုမယ်။ အရက်မူးလို့ဖြစ်တာလား၊ စီးပွားရေးမပြေလည်လို့ ဖြစ်တာလား၊ အသိတရားနဲ့ မေတ္တာတရားနည်းလို့ ဖြစ်တာလား၊ ပညာနည်းလို့ ဖြစ်တာလား၊ ဝန်းကျင်မကောင်းလို့ ဖြစ်တာလား စသည်ဖြင့် စစ်တမ်းတွေကောက်မယ်။ အိမ်တွင်းအကြမ်းဖက်မှုဖြစ်တာဟာ အမျိုးသမီးတွေကို စိတ်ပိုင်းပိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ လူမှုစီးပွားပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေမှာ တည်ဆဲဥပဒေက ထိထိရောက်ရောက် အကာအကွယ်မပေးနိုင်သေးဘူးဆိုပြီး သတင်းဆောင်းပါးရေးလို့ရတယ်"လို့ ဆိုပါတယ်။

သူ ပြောတာ စိတ်ဝင်စားစရာပါ။ အမျိုးသမီးတွေကို ဥပဒေက ထိထိရောက်ရောက် အကာအကွယ် မပေးနိုင်ဘူးဆိုရင် အမျိုးသားတွေကိုရော ဥပဒေက ထိထိရောက်ရောက် အကာအကွယ်ပေးထားပါပြီလား။

ကျွန်တော်တို့ လက်တွေ့ကွင်းဆင်းရင်း ကြားခဲ့ရတဲ့ ဇာတ်လမ်းကလေးကို ဖောက်သည်ချပါမယ်။ ဇာတ်လမ်းကလေးက ဒီလိုပါ။

အမျိုးသမီးတစ်ယောက် မျက်နှာမှာ ဖူးရောင်ဒဏ်ရာတွေနဲ့ ရပ်ကွက်ရုံးကို ရောက်လာတယ်။ သူ့ယောကျ်ားက သူ့ကိုနှိပ်စက်လို့တဲ့။ သူ့ယောကျ်ားကို ထိန်းသိမ်းပေးဖို့ လာတိုင်တာပါ။ ဖူးရောင်ဒဏ်ရာတွေကလည်း မသေးတော့ ရပ်ကွက်လူကြီးတွေက အခင်းဖြစ်ပွားတဲ့ အိမ်ကို ချက်ချင်းလိုက်သွားပါတယ်။ အိမ်ရောက်တော့ အိမ်ရှင်ယောကျ်ားက အိမ်ရှေ့ခွေးကတက်မှာ ခွေခွေကလေး လဲနေပါတယ်။ အိမ်နီးချင်းတွေ ပြောတာက အမျိုးသမီးကရိုက်လို့ မထနိုင်တာတဲ့။

ကဲ ဒီအဖြစ်အပျက်ကလေးကို သတင်းဘယ်လိုလုပ်ကြမလဲ။ တကယ်လို့များ အမျိုးသားများကို အကြမ်းဖက်မှုက ကာကွယ်ဖို့ ဥပဒေတစ်ရပ်အမြန်လိုအပ်နေပြီလို့ သတင်းခေါင်းစဉ်နဲ့ ရေးလိုက်ရင် သတင်းဖြစ် မဖြစ်။

ဦးနှောက်ကလေး စားသွားကြပါဦး။

သွားကိုက်ရာပါတဲ့ ပန်းသီးကလေးကို မမေ့နဲ့နော်။

(၂၇-၁-၂၀၁၇)

✦

mgyoe.com

mgyoe.com



## မဟူရာကောင်းကင်ပေါ်က မျက်ရည်စက်များ

သတင်းသမားတွေက
သတင်းတွေ မှန်ဖို့၊ မြန်ဖို့၊
သမာသမတ်ကျဖို့ အင်တာဗျူးတွေလုပ်ရင်း
ကင်မရာကွယ်ပြီး မျက်ရည်တွေ သုတ်နေကြတယ်။

တနင်္ဂနွေနေ့မို့ ကျွန်တော်တို့ DVB ရုံးမှာ လူနည်းနေပါတယ်။ အောင်မင်္ဂလာရုံးကနေ မြို့ထဲ ဗိုလ်ကလေးဈေးနားကရုံးကို အတော်များများ ပြောင်းကုန်ကြပြီ။ ဒီနေ့ဟာ တနင်္ဂနွေနေ့လည်းဖြစ်၊ ဒီရက်ပိုင်းအတွင်း ရုံးအပြောင်းအရွှေ့တွေနဲ့မို့ အောင်မင်္ဂလာရုံးမှာ ခါတိုင်းထက် လူပိုနည်းနေပါတယ်။

မနက်ပိုင်းက ၇၄ – ၇၆ စက်မှုတက္ကသိုလ်ကျောင်းသားဟောင်းကိုကျော်ဝင်းဆုံးတဲ့သတင်းတွေ လူမှုကွန်ရက် စာမျက်နှာပေါ် တက်လာတယ်။ သူငယ်ချင်းတွေရဲ့ ဝမ်းနည်းကြေကွဲသံတွေ စိမ့်ထွက်လာတယ်။

၁၉၇၆ ခုနှစ် အင်းစိန်ထောင် ၃ ဆောင် ပုံစံထိုင်အပြီး သွေးစွန်းနေတဲ့ သူ့အင်္ကျီကိုခိုးပြရင်း "ငါဘယ်တော့မှ မမေ့ဘူး"လို့ ထောင်ဝါဒါတွေ အလစ်

mgyoe.com

mgyoe.com


မှာ လာပြောပါတယ်။ ဝေဝါးနေတဲ့ ကျွန်တော့်မျက်စိထဲမှာတော့ ခေါင်းမှာ ပတ်တီးစည်းထားတဲ့ သူ့မျက်နှာ ဖြူဖြူမှို့မှို့။

ကျွန်တော် ကိုကျော်ဝင်းအကြောင်း တွေးနေတုန်းမှာပဲ ရုံးအပေါ်ထပ်မှာ ဆူညံဆူညံအသံတွေ ကြားရပါတယ်။ ကိုဇော်ကို ဖုန်းပြောနေတဲ့ အသံပါ။

"လေယာဉ်ကွင်းမှာ အလုပ်ကြံခံရတယ်။ ဖေ့စ်ဘွတ်ပေါ်မှာ တက်နေတယ် ကြားလား ကြားလား" ရုံးမှာက ဖုန်းလိုင်း ကောင်းကောင်းမမိ။

သတင်းအင်ချုပ် မခင်မင်းဇော် အသံကလည်း အပေါ်ထပ်က အောက်ထပ်ကို ပြေးဆင်းလာပါတယ်။

"ဘယ်သူတွေရှိတုံး၊ ဘယ်သူတွေရှိသေးလဲ"

အောက်ထပ်မှာ ဘယ်သူမှမရှိ။ သတင်းထောက်တွေအားလုံး သတင်းတင်ပြီးမို့ ပြန်ကုန်ကြပြီ။

"ဒါဆို မအိမကို လှမ်းချိတ်လိုက်မယ်"

သူ့ဘာသာသူအဆိုပြု၊ သူ့ဘာသာသူထောက်ခံ၊ သူ့ဘာသာသူဆုံးဖြတ်၊ သူ့ဘာသာသူ ပြောပြောဆိုဆိုနဲ့ သတင်းထောက် မအိမကို ဖုန်းလှမ်းဆက်တယ်။ နောက် မင်္ဂလာဒုံလေဆိပ်ကို အမြန်ဆုံးသွားဖို့ လှမ်းပြောပါတယ်။

ကျွန်တော်က ဘာဖြစ်တာလဲ အစ်မရေလို့ မခင်မင်းဇော်ကို မေးလိုက်တော့ "ဦးကိုနီ လေဆိပ်မှာ သေနတ်အပစ်ခံရလို့" တဲ့။
ဒုက္ခပါပဲ လူထုအများစု လိုလားတဲ့ ၂၀၀၈ ဖွဲ့စည်းပုံ ပြင်ဆင်ရေးမှာ အရေးပါတဲ့ လူတစ်ယောက် လုပ်ကြံခံရတာမို့ ရင်ထဲ လျှော်လှုပ်သလို တုန်လှုပ်မိပါတယ်။

သေမလားရှင်မလား၊ ဘယ်ဆေးရုံကို ခေါ်သွားလဲ၊ သူ့မိသားစုတွေရော သိပြီးပြီလား၊ လုပ်ကြံသူကို မိပြီလား၊ အသေမိတာလား၊ အရှင်မိတာလား၊ ဘယ်သူက ခိုင်းလို့ လုပ်တာလဲ၊ ခေါင်းထဲမှာ အတွေးတွေ ဆက်တိုက် ဝင်လာမိပါတယ်။

အိမ်ပြန်ရောက်လို့ မြန်မာ့ရုပ်မြင်သံကြား ဖွင့်လိုက်တော့ ဦးကိုနီ အလုပ်ကြံခံရတဲ့အကြောင်းနဲ့ လုပ်ကြံသူရဲ့ ပစ်ခတ်မှုကြောင့် အငှားယာဉ်

mgyoe.com

mgyoe.com


မောင်းတစ်ဦး ဒဏ်ရာရသွားတဲ့အကြောင်း အထူးသတင်းလွှင့် နေပါပြီ။ DVB ကလည်း အောက်ခြေစာတန်း ထိုးပြီး ဦးကိုနီ အလုပ်ကြံခံရလို့ သေဆုံးကြောင်း အတည်ပြုသတင်း ဖော်ပြနေပါပြီ။

ကျွန်တော် ထမင်းမစားနိုင်သေးပါ။ ဖေ့စ်ဘွတ်ကို ဖွင့်လိုက်ပါတယ်။ ဖေ့စ်ဘွတ်ပေါ်မှာ တောက်ခေါက်သံ၊ ငိုရှိုက်သံတွေ အန်ထွက်နေပါပြီ။ ဖေ့စ်ဘွတ်ပေါ်မှာ ဦးကိုနီရဲ့အသက် ၈၀ ကျော် မိခင်ပုံ၊ မျက်ရည်မဆည်နိုင်တဲ့ မိခင်တစ်ယောက်ရဲ့ ရုပ်ပုံလွှာ၊ ဆရာမ ခင်သူသူဝင်းရဲ့ ကဗျာကလေးနဲ့အတူ။

## မျက်ရည်ကြွေး

မိခင်တစ်ယောက်ပဲလေ
အမေငိုမှာပေါ့။
လူဆိုးလူမိုက် လူ့အန္ဓတစ်ယောက်ရဲ့
အမေဆိုရင်တောင် သားအတွက်
မျက်ရည်ကျမှာပဲဟာ။
နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်တဲ့
သားတစ်ယောက်ရဲ့အမေပဲ သူ့သား
အတွက် ဒီအမေ ငိုမှာပေါ့ . . .
. . . . . . . . .
. . . . . . . . .

အထက်ဗမာပြည်က ရှေ့နေ ဦးသိန်းသန်းဦးက သူ့ဖေ့စ်ဘွတ်မှာ **"လက်နက်မဲ့ ဥပဒေပညာရှင်တစ်ဦးအား လက်နက်ဖြင့် အကြမ်းဖက်သတ်ဖြတ်လိုက်ခြင်းသည် သူ့ရဲဘောကြောင်သည့် လုပ်ရပ်ဖြစ်သည့်အပြင် တရားဥပဒေစိုးမိုးမှုအား လုပ်ကြံသတ်ဖြတ်လိုက်ခြင်းလည်း ဖြစ်ပါသည်"**လို့ သောင်းတိုက်က ကြားစေဖို့ တိုင်တည်ခဲ့ပါတယ်။

mgyoe.com

mgyoe.com


ဆက်တိုက်ဆိုသလိုပါပဲ ဦးကိုနီကို နောက်ဘက်ကနေ သေနတ်နဲ့ တေ့ပစ်နေတဲ့ ပုံတစ်ပုံ သတင်းထောက်အချင်းချင်း မျှဝေလိုက်တာ တွေ့ရပါတယ်။ မရှေးမနှောင်းပါပဲ တရားစောင့်နတ်သမီးကို နောက်ဘက်က သေနတ်နဲ့ ပစ်နေပုံ တက်လာပါတယ်။ ထိမိတဲ့ ကာတွန်းတစ်ပုဒ်ပါ။

အဲဒီပုံတွေနဲ့အပြိုင် တက်လာတဲ့ ပုံတွေကတော့ လူသတ်သမားကို ဖမ်းဖို့ ကြိုးစားရင်း သေနတ်ဒဏ်ရာနဲ့ ကွယ်လွန်သွားတဲ့ အငှားယာဉ်မောင်း ကိုနေဝင်းပုံပါ။ ထောင်ထောင်မောင်းမောင်း ခုံ့ခုံ့ညားညား။ YBS အင်္ကျီ လက်တိုကို သူ့လက်ရှည်အင်္ကျီပေါ်မှာ ထပ်ဝတ်ထားပါတယ်။ လုံချည်က အပြာကွက် စိပ်စိပ်၊ အညိုရောင် သူ့ကားဘေးမှာ ရပ်လို့။ သူ့အကြောင်း ဂုဏ်ပြုပြောဆိုရေးသားတာတွေ ဆက်တိုက်တက်လာပါတယ်။

လက်မရွံ့သေနတ်သမားကို မကြောက်မလန့်ဘဲ ခဲနဲ့ ဝိုင်းပေါက်ဖမ်းခဲ့တဲ့ အငှားယာဉ်မောင်းတွေအပါအဝင် ပြည်သူတွေရဲ့သတ္တိကိုချီးမွမ်း ရေးသားကြသလို လုံခြုံရေးတာဝန်မကျေလို့ဆိုပြီး ပြည်ထဲရေးကို အပြစ်တင်သံတွေ ဆူညံနေပါတယ်။

Khin Lunn ရဲ့ ဖေ့စ်ဘွတ်မှာတော့

**ပူပူနွေးနွေး လူသတ်ထားတဲ့ သေနတ်သမားကို ရရာနဲ့ပြန်ချ အမိအရဖမ်းဖို့ ကြိုးစားရင်း အသက်ပေးဆပ်လိုက်ရတဲ့ အငှားယာဉ်မောင်း ကိုနေဝင်းရဲ့ကျန်ရစ်သူမိသားစု (၄၅ ရက်သား ကလေးငယ်လေးနဲ့ လူမမည် လေး နှစ်ဦး၊ ကိုနေဝင်းရဲ့ဇနီးသည်) ဝိုင်းဝန်းကူညီနေကြတဲ့ သတင်းတွေ ကြားနေရ၊ ဖတ်နေရပါတယ်။ အင်မတန်ကောင်းပါတယ်။**

**လိုရမည်ရ ကျွန်တော် ဒီလိုလေးလည်း တွေးမိတာကို တစ်နေရာမှာ နုလို ရေးထားပါတယ်။ အဲဒါက**

**"ကျန်ရစ်သူမိသားစုမှာ အားကိုးအားထားပြုစရာ လူမရှိရင် ငွေသားတွေ သက်သက် အများကြီး မကူညီသင့်ပါ (ဘဏ် စသည် စဉ်းစားပါရန်)။ လုံခြုံစိတ်ချရမှု ရှိ မရှိ ဆန်းစစ်ပြီးမှ ကူကြပါ။ ကလေးပေါက်စလေးရဲ့ မိခင်တစ်ဦးလည်းဖြစ်၊ လူမမည်လေးတွေရဲ့ မိခင်လည်းဖြစ်သူကို စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှုတွေ လုပ်ပေးကြဖို့ အထူးလိုအပ်လှပါတယ်။ အဲဒါ တစ်ခုကိုလည်း အလေးထားကူညီကြပါ"**

mgyoe.com

mgyoe.com


လို့ ရေးသားထားပါတယ်။

Tin Maung Htwe ရဲ့ ဖေ့စ်ဘွတ်မှာတော့

**ဦးကိုနီ သို့မဟုတ် မြန်မာပြည်ရဲ့ ဒုတိယဦးရာဇတ် ကောင်းသော ဘုံဘဝဘုံဌာနသို့ ရောက်ရှိပါစေကြောင်း မိသားစုနဲ့ထပ်တူ ဆုတောင်းပေး လိုက်ပါတယ်**

လို့ ဆုတောင်းထားပါတယ်။

ကျွန်တော် ဖေ့စ်ဘွတ်ကို ဖတ်ရင်း သက်ပြင်းချမိပါတယ်။

ဦးကိုနီ အလုပ်ကြံခံရလို့ လူအတော်များများ တုန်လှုပ်သွားကြတယ်။

တချို့က သူတို့စာမျက်နှာပေါ်မှာ အနက်ရောင်ခြယ်လိုက်ကြတယ်။

နောက်ဆက်တွဲ ဒေါ်အောင်ဆန်းစုကြည် အလုပ်ကြံခံရမှာကို စိုးရိမ် လာကြတယ်။

လုံခြုံရေးတာဝန်ယူသူတွေကို အပြစ်မြင်ကြတယ်။

အဲဒါနဲ့ တစ်ဆက်တည်း ပြည်ထဲရေးကို အပြစ်မြင်ကြပြန်တယ်။

ယိုင်နဲ့နေတဲ့ တရားဥပဒေကို သတိပြုမိကြတယ်။

ဒီထက် ပိုတွေးသူတွေက ၂၀၀၈ အခြေခံဥပဒေရဲ့ အားနည်းချက်တွေ ကို တွေးမိကြတယ်။

ဘာသာရေးနဲ့ လူမျိုးရေး ရှုထောင့်က သုံးသပ်သူတွေက အစွန်း ရောက် ဘာသာရေး လူမျိုးရေးသမားတွေကို လက်ညှိုးထိုးကြတယ်။

လွှတ်တော်ကိုယ်စားလှယ်တွေက ဖဲကြိုးနက်ကို ရင်ဘတ်မှာ ချိတ် လိုက်ကြတယ်။

မိခင်တွေက အမေအိုရဲ့ မျက်ရည်တွေကို ရင်နဲ့အမျှ ခံစားမိကြတယ်။

လူမှုရေးအားသန်သူတွေက လူသားတစ်ယောက်အနေနဲ့ တာဝန်ကျေ တဲ့ အငှားယာဉ်မောင်းရဲ့ ကျန်ရစ်သူ မိသားစုတွေရဲ့ သောကကို အတတ်နိုင် ဆုံး ငြိမ်းအေးအောင် လုပ်ကြတယ်။

အကြင်နာမဲ့သူတွေက သတင်းမှားတွေ တစ်ခုပြီးတစ်ခု အစီစဉ်ရှိရှိ ကွန်ရက်ဖြန့်နေကြတယ်။

အမှန်ကိုပြောချင်သူတွေက လူမှုစာမျက်နှာပေါ်ကနေ သူတို့ရင်ကို ဖွင့်ပြလိုက်ကြတယ်။

mgyoe.com

mgyoe.com


သတင်းသမားတွေက သတင်းတွေ မှန်ဖို့၊ မြန်ဖို့၊ သမာသမတ်ကျဖို့ အင်တာဗျူးတွေလုပ်ရင်း ကင်မရာကွယ်ပြီး မျက်ရည်တွေ သုတ်နေကြတယ်။

(၃၀–၁–၂၀၁၇)

✦

mgyoe.com

mgyoe.com



## သတိ မီးနီမဖြတ်ရ

"မင်းတို့ သတင်းထောက်တွေ သတိထား
ကားနဲ့ တိုက်သတ်လို့ရတယ်။
ကားနဲ့ တိုက်သတ်ရင် ကားတိုက်မှုပဲဖြစ်မှာ။
လူသတ်မှု မဖြစ်ဘူး သိလား"

ကျွန်တော် အောင်မင်္ဂလာလမ်းထိပ် မြင့်ကဖီး သတင်းလွှတ်တော်ကိုရောက်တော့ လူတော်တော်စုံနေပြီ။ သူတို့ စားပွဲရှေ့မှာ မုန့်ဟင်းခါး၊ လက်ဖက်ရည်တွေ ရောက်နေပြီ။ မျက်နှာသွယ်သွယ် အသားညိုညို မျက်မှန်သေးသေးနဲ့ ကိုကျော်စိုး၊ ဆံပင်ထောင်ထောင် မျက်မှန်ထူထူ အသားလတ်လတ်နဲ့ ကိုအောင်သူ၊ ဖြူဖြူနွဲ့နွဲ့ မသူဇာလင်း၊ ပိန်ပိန်သွယ်သွယ် မျက်နှာပိုင်ရှင် ကိုစိုးမိုးအောင်တို့ ရောက်နေပါပြီ။

ဒီနေ့ သတင်းလွှတ်တော်မှာ ဘာတွေပြောကြမလဲ။ အထွေအထူး စဉ်းစားစရာမလိုပါ။ ဦးကိုနီ အလုပ်ကြံခံရတဲ့ အကြောင်းပေါ့။ လူတွေအားလုံး ဒီအကြောင်းပဲ ပြောနေကြတာ။

ကျွန်တော် ဘေးစားပွဲက ပလတ်စတစ်ထိုင်ခုံ အနိမ့်ပုကလေးကိုယူပြီး သူတို့စကားဝိုင်းထဲကို တိုးတိုးဖွဖွ ထိုင်လိုက်ပါတယ်။

mgyoe.com

mgyoe.com


အရေးထဲ ဖုန်းက ဝင်လာပြန်တယ်။

"ဟုတ်ပါတယ် ကျွန်တော် ဖေယျပါ။ DVB သတင်းဌာနကပါ"

"မင်းတို့ သတင်းထောက်တွေ သတိထား။ ကားနဲ့ တိုက်သတ်လို့ရတယ်။ ကားနဲ့တိုက်သတ်ရင် ကားတိုက်မှုပဲဖြစ်မှာ။ လူသတ်မှုမဖြစ်ဘူး သိလား" တစ်ဖက်က အသံမာမာပြတ်ပြတ်နဲ့မို့ ကျွန်တော် လက်တွေ၊ ခြေတွေ တုန်သွားပါတယ်။ ဘာပြန်ပြောရမှန်းမသိပါ။ တယ်လီဖုန်းနံပါတ်ကို ကြည့်လိုက်တော့လည်း နံပါတ်က အစိမ်းသက်သက်။

"ဦးကိုနီကို သတ်တဲ့သူတွေက ဥပဒေကိုနားမလည်လို့ သေနတ်ပစ်သတ်တာ နားလည်လား"

"ဟုတ်ကဲ့" ကျွန်တော့်အသံက ရှိသေကျိုးနွံနေတဲ့ အသံ အလိုလို ဖြစ်သွားတာပါ။

"ဘာဟုတ်ကဲ့လဲ။ မင်းကသတင်းထောက်ဖြစ်မှ တော်တော် ရှိသေတတ်နေတာလား"

"မဟုတ်ပါဘူးခင်ဗျာ"

"ဘာခင်ဗျာလဲ။ ငါပါ စိန်ကြီးပါ။ ဦးကိုနီ အသတ်ခံရလို့ စိတ်ပူပြီး မင်းဆီဖုန်းဆက်လိုက်တာ။ သတိပေးတာပါ"

"မင်းသတိပေးတာကြီးကလည်း ခြိမ်းခြောက်သလိုကြီးပါလား ကွာ"

ငယ်သူငယ်ချင်းတွေမို့ ပြောမနာဆိုမနာ။ လူချင်းမတွေ့ရတာကြာတော့ အသံကိုမမှတ်မိ။ ဖုန်းနံပါတ်တွေကလည်း ခဏခဏပြောင်း။ အင်းလေ ပြောင်းလဲချိန်ဆိုတော့ ဒီလိုပဲ ပြောင်းနေကြတာပေါ့။

ကိုယ်ကလည်း အရာရာ ကြိုကြောက်နေရသူမို့ သတိပေးတာကို ခြိမ်းခြောက်တာလို့ ထင်မိတာပါ။

ကျွန်တော် ဖုန်းပိတ်လိုက်ပြီး သတင်းထောက်တွေ စကားဝိုင်းထဲကို ဝင်ပြီး သူတို့ပြောတာကို နားထောင်နေပါတယ်။

ဦးကိုနီအကြောင်းပါပဲ။ သူတို့ ဒီနေ့ ဦးကိုနီသတင်းကို ရဲအရာရှိတွေဘက်က သတင်းထုတ်တာ နှေးတဲ့အကြောင်း၊ မနေ့က ဦးကိုနီသတ်တဲ့ သတင်းနဲ့ ပတ်သက်ပြီး မြဝတီမှာ ဦးမြင့်ဆွေကို ဖမ်းမိတဲ့ သတင်းတွေ

mgyoe.com

mgyoe.com


အတည်ဖြစ် မဖြစ် ငြင်းခုံနေကြပါတယ်။ တစ်ယောက်က ပြောပါတယ်။ မြဝတီမှာ ဦးမြင့်ဆွေဆိုတဲ့သူတွေကို အကုန်လိုက်ဖမ်းထားတယ်ဆိုတဲ့ သတင်းလည်း သူ ကြားတဲ့အကြောင်း ပြောပါတယ်။ ကျွန်တော် စိုးရိမ်သွားပါတယ်။ ကျွန်တော်တို့ ဒုသမ္မတကြီး ဦးမြင့်ဆွေ မြဝတီကို အလည်သွားတာနဲ့ကြုံရင် ဒုက္ခပါပဲ။

ကျွန်တော့်စိုးရိမ်စိတ်ကို မအောင့်နိုင်တော့ဘဲ စကားဝိုင်းမှာ ဖွင့်ပြောမိပါတယ်။

သူငယ်ချင်း သတင်းထောက်တွေလည်း ကျွန်တော့်လိုပဲ စိုးရိမ်သွားကြပါတယ်။

ဒါပေမဲ့ သတင်းထောက် ကိုကျော်စိုးကတော့ သူ မစိုးရိမ်ကြောင်းပြောပါတယ်။ ဘာဖြစ်လို့လဲဆိုတာကို ပုံပြင်ကလေးတစ်ပုဒ်နဲ့ ရှင်းပြပါတယ်။

သူ ပြောတဲ့ ပုံပြင်ကလေးက ဒီလိုပါ။

တစ်ခါက အနောက်နိုင်ငံတစ်နိုင်ငံမှာ လုံခြုံရေးအကြီးအကဲ တစ်ယောက်ရဲ့ ဆေးတံ ပျောက်သွားသတဲ့။ အကြီးအကဲဟာ စိတ်ဆိုးပြီး သူ့လက်အောက်က လုံခြုံရေးဝန်ထမ်းတွေကို သူ့ဆေးတံသူခိုးကို နှစ်ဆယ့်လေးနာရီအတွင်း အမိဖမ်းပေးဖို့ အမိန့်ပေးလိုက်ပါသတဲ့။

နှစ်ဆယ့်လေးနာရီ မပြည့်ခင်မှာပဲ လုံခြုံရေးအရာရှိငယ်တစ်ယောက်ဆီက သတင်းပို့လာပါတယ်။ မသင်္ကာသူ ဆယ်ယောက် ဖမ်းမိထားကြောင်း၊ တစ်ယောက်က ဝန်မခံသေးပေမဲ့ ကိုးယောက်က ဝန်ခံထားပြီးဖြစ်ကြောင်း၊ အဲဒါ အကြီးအကဲအနေနဲ့ ဘယ်တစ်ယောက်ကို သူခိုးဖြစ်စေချင်သလဲ အမြန်အကြောင်းပြန်ပါ၊ အမိန့်နာခံရန် အသင့်လို့ အစီရင်ခံစာ တင်လိုက်သတဲ့။

ပုံပြင်ကလေးကတော့ ဒါပါပဲ။

ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်က ရုံးဘက်ကိုလာတော့ သတိကြီးကြီးနဲ့ ကားလမ်းဖြတ်ကူးခဲ့ကြပါတယ်။

ကျွန်တော်တို့ သတင်းထောက်တွေ ကားလမ်းကူးတဲ့အခါ လမ်းစည်းကမ်းလိုက်နာပါ။ သတိနဲ့ လမ်းဖြတ်ကူးကြပါခင်ဗျာ။

( ၂- ၂-၂၀၁၇ )

✦

mgyoe.com

mgyoe.com

## ဘတ်စ်ကားစီးဖူးသလား

ခေတ်ပြောင်းချိန်မှာ အခွင့်အရေးမယူတတ်တော့
အခွင့်အရေးတွေ လက်လွတ်ကုန်ပြီပေါ့။
သင်း ဒါကြောင့် ခရိုနီမဖြစ်ဘဲ သတင်းထောက်ဖြစ်နေတာ။
ဒုက္ခရောက်တာ နည်းတောင်နည်းသေး။

ဒီမနက် မီဒီယာသင်တန်းတစ်ခုကို သွားရမယ်။ မနက်စောစော ထွက်မယ်။ ဇန်နဝါရီ ၁၆ ရက်နေ့ဆိုတော့ ရန်ကုန် ဘတ်စ်ကားလိုင်းတွေ အသစ်ပြောင်းမယ်။ အစဆိုတော့ ချက်ချင်း အဆင်ပြေမှာမဟုတ်ဘူး။ ဒီနေ့ ဘတ်စ်ကားခရီးစဉ်ကို A Plan, B Plan ဆွဲထားပြီးသား။ မြန်မာလို တိုက်ရိုက်မွေးစားတဲ့ စကားနဲ့ဆိုရရင် အေပလန်၊ ဘီပလန်ပေါ့ဗျာ။ ပလန် ပလန်နဲ့ ကောင်းအောင်လုပ်ဖို့ အစီအစဉ်ဆွဲတာကို ပြောတာပါ။ တစ်ခုခု အမှားဖြစ်ရင် အစိုးရကို မပြစ်တင်လို့မဖြစ်ဘူး။ ကိုယ်တင်ထားတဲ့ အစိုးရ။ ကျွန်တော့်တစ်သက်မှာ ပထမဆုံးအကြိမ် ကိုယ်တင်တဲ့ အစိုးရနဲ့ ကိုယ်နေခွင့်ရတာ။ လေးစားမှု၊ ရိုသေမှု၊ အလိုက်သိမှု၊ အဲ အလိုက်သိမှုဆိုတဲ့ စကားကြီးက ဘယ်ကဘယ်လိုပါလာသလဲမသိဘူး။ ခေတ်ပြောင်းပြီဆိုပေမဲ့ ဒီစကားလေးက ပြောင်းလို့ မဖြစ်သေးဘူး။ စိုက်ကြည့်ရင် အလိုက်သိရမယ်။ မီဒီယာသမားဆိုတာ ပြည့်သူ့မျက်လုံး၊ ပြည်သူ့အသံ ၊ ပြည်သူကို ကိုယ်စားပြုတာဆိုတော့ ပိုအလိုက်သိရမှာပေါ့ ဟဲ ဟဲ။

mgyoe.com




ဘတ်စ်ကားမှတ်တိုင်ကို အိမ်က ခါတိုင်းထက် တစ်နာရီ ကြိုထွက်၊ မှတ်တိုင်ရောက်တော့ လူတွေ တရုံးရုံး၊ ဘယ်ကားစီးရင် ဘယ်ရောက်သလဲ၊ လူတွေက တစ်ယောက်တစ်ပေါက် တိုးတိုးတိုးတိုး။ လုပ်အားပေးလူငယ်တွေကလည်း ဘယ်ကားစီးရင် ဘယ်ရောက်တယ်ဆိုတာ ရှင်းပြနေကြတယ်။ ကားတွေ လာမလာဆိုတာတော့ သူတို့လည်း မပြောနိုင်။ ပြောနိုင်တာက သည်းခံကြပါ၊ သည်းခံကြပါ။ ဟုတ်ကဲ့ ကျွန်တော်လည်း သူမပြော ခင်ကတည်းက သည်းခံပြီးသား။ သည်းခံနိုင်မှ မြန်မာနိုင်ငံသားပီသမယ်၊ နိုင်ငံကြီးသား ပီသမယ်လို့ ပြောကြလွန်းလို့ သည်းခံဖို့ အသင့်။

ဟော ကားတွေ မြင်ရပြီ။ လူတွေက တိုးလိုတွဲလောင်း၊ ကားက တစ်ခြမ်းစောင်း၊ မှတ်တိုင်မှာ ဆင်းသူနည်းနည်း တက်သူကလည်း တိုးတိုးဝှေ့ဝှေ့၊ အမျိုးသမီးတွေကလည်း အမျိုးသားများနဲ့တန်းတူ တိုးကြဝှေ့ကြ၊ တန်းတူအခွင့်အရေးရတုန်း ယူထားကြဟန်တူပါရဲ့။

နာရီကြည့်လိုက်တော့ မှတ်တိုင်မှာစောင့်ရတာ မိနစ်ငါးဆယ်ကျော်နေပြီ။ အင်း နှစ်ငါးဆယ်တောင် စောင့်ခဲ့ပြီးမှ ဒီလောက်တော့ စိတ်ရှည်ရမယ်၊ သည်းခံရမယ်။ ဒါပေမဲ့ သင်တန်းချိန်က နီးနေပြီ။ မဖြစ်ချေဘူး ဘီပလန် (B Plan) ကြီးကို ထုတ်သုံးမှ။

mgyoe.com
mgyoe.com

mgyoe.com


"ဟေးတက္ကစီ D (Taxi) ဟိုးဟိုး"

ကျွန်တော် ဘီပလန်ကြီးကို ထုတ်သုံးလိုက်ပါပြီ။ တက္ကစီက ကျွန်တော့်ရှေ့တည့်တည့် ထိုးရပ်လိုက်ပါတယ်။

"ပုဇွန်တောင်ကိုသွားမယ် ဆရာ"

ကားခဘယ်လောက်ဆိုတာမမေး။

"တက်ပါ ဆရာ"

အခြေအနေအရပ်ရပ်ကို နှစ်ဦးစလုံး နားလည်ပြီးသား။

လမ်းမှာ ကားတွေ အတော်ရှင်းနေပါတယ်။ ကားမှတ်တိုင်တွေမှာတော့ ကားရပ်စောင့်နေတဲ့ လူအုပ်ကြီးတွေကို တွေ့ရတယ်။ သူတို့မှာ ဘီပလန်ကြီး ရှိဟန်မတူပါ။

ပုဇွန်တောင်မီးပွိုင့်မှာတော့ ကားတန်းကြီးတွေနဲ့ ရင်ဆိုင်ရပါပြီ။ ကားရပ်၊ ကားခရှင်း။

ကဲ (C Plan) စီပလန် ကြီးကိုထုတ်သုံး။ လမ်းလျှောက်။ ကျန်းမာရေး တောင် ကောင်းသေး။

အဲဒီအဖြစ်အပျက်ကလေးက ရန်ကုန် ဘတ်စ်ကားစနစ် စပြောင်းတဲ့နေ့က သမိုင်းဝင် အဖြစ်အပျက်ကလေးကို အမှတ်တရ ပြောပြတာပါ။

နောက်တစ်နေ့ ရုံးဖွင့်တော့လည်း ဘတ်စ်ကားစီးရတာ အဆင်ပြေတယ်။

ညနေ ၆ နာရီ ရုံးကပြန်တော့ ဗိုလ်တထောင်ဘက်က နံပါတ် ၂၀ ဂိတ်မှာ ကားသွားစီးတယ်။ လူချောင်တယ်။ နေရာရတယ်။ ထိုင်ခုံက ထိုင်ရင်ဒူးကွေးပြီးထိုင်စရာ မလို။ ကားက ဖြည်းဖြည်းမောင်းတော့ အဆင်ပြေတယ်။ မင်္ဂလာဈေးရှေ့မှာ ကားစပယ်ယာက အင်္ကျီအပြာစိမ်းစိမ်း ဝတ်စုံသစ်ဝတ်ထားတဲ့ အချိန်မှတ်သူရဲ့လက်ထဲကို ၂၀၀ ကျပ်တန်ငွေကို လုံးထွေးပြီး ထည့်လိုက်တယ်။ သူက သူ့အချိန် မှတ်တမ်းမှာ ရေးမှတ်လိုက်တယ်။ အားလုံး အဆင်ပြေသွားပုံရတယ်။ ကားက ဖြည်းဖြည်း မောင်းထွက်လာတယ်။ တာမွေဈေးမှတ်တိုင်မှာတော့ လိုင်းကားတွေ သုံးလေးစီးထပ်ရပ်ပြီး လူခေါ်နေတယ်။

"မှတ်တိုင်ကို မင်းတို့က အပိုင်ဝယ်ထားတာလား"လို့ ကားသမားချင်း

mgyoe.com

mgyoe.com


အော်ဟစ်နေကြတယ်။

ကျွန်တော် ကားပေါ်က လက်တန်းကိုင်ပြီး ဖြည်းဖြည်းဆင်းပါတယ်။ ခါတိုင်းလို တွန်းချမလားလို့ စိတ်ထဲက စိုးရိမ်နေတယ်။ ဒါပေမဲ့ ကျွန်တော့်ကို တွန်းမချကြပါဘူး။

ကျေးဇူးတင်ပါတယ် စပယ်ယာ။

အိမ်ရောက်တော့ မိန်းမက ဘတ်စ် ကားစီးရတာ အဆင်ပြေရဲ့လားလို့မေးပါတယ်။

ကျွန်တော်က အေပလန် (ဘတ်စ်ကားစီး)နဲ့ စီပလန် (လမ်း လျှောက်) ပေါင်းလိုက်တာ အဆင်ပြေတယ်။ ဘီပလန် (တက္ကစီစီး)ကို သုံးစရာ မလိုတော့ဘူးလို့ အစီရင်ခံတယ်။

မိန်းမက တက္ကစီဖိုးဖြတ်ထည့်လိုက်တယ်။ ဘတ်စ် ကားခပဲပေးတော့တယ်။ တကယ်ဆို ကျွန်တော်က ဘီပလန်ကြီးသာ အောင်မြင်ကြောင်း အစီရင်ခံလိုက်ရင် တက္ကစီဖိုးရမယ်။ အဲဒီငွေကိုယူပြီး အေပလန်အရ ဘတ်(စ်)ကားစီး၊ စီပလန်အရ လမ်းလျှောက်ရင် ဘတ်ငွေထွက်လာနိုင်တယ်။


ခေတ်ပြောင်းချိန်မှာ အခွင့်အရေးမယူတတ်တော့ အခွင့်အရေးတွေ လက်လွတ်ကုန်ပြီပေါ့။ သင်း ဒါကြောင့် ခရိုနီမဖြစ်ဘဲ သတင်းထောက်ဖြစ်နေတာ။ ဒုက္ခရောက်တာ နည်းတောင်နည်းသေး။

(၅ –၂– ၂၀၁၇)

✦

mgyoe.com

mgyoe.com



နှင်းဆီနီနီ

သားကြီးမောင်ဝေယံ

## နှင်းဆီနီနီ
## (ချစ်သူများနေ့အမှတ်တရ)

ယဉ်ကျေးမှု ဆိုတာ
သူ့အရှယ်နဲ့သူ၊
သူ့ခေတ်နဲ့သူပါလားဗျာ။

နှင်းဆီနီတစ်ပွင့် ထောင့်ငါးရာ။ အဘိုးကြီးတွေ အဘွားကြီးတွေ ယုံချင်ယုံ မယုံချင်နေ။ ဒီနေ့ ဒီအခါမှာတော့ ခင်ဗျားတို့ရဲ့ သားသမီးတွေ၊ မြေးတွေက တော့ နီးစပ်ရာ စူပါမတ်ကက်တွေ၊ စတိုးဆိုင်တွေမှာ အဲဒီနှင်းဆီပန်းအနီ တွေကို အလုအယက် ဝယ်နေကြပြီ။

ဘာကြောင့်ပါလဲ။ နှင်းဆီပန်းနီနီကလေးတွေဟာ ဖေဖော်ဝါရီ လလယ်မှာ ကျရောက်မယ့် ဗယ်လင်တိုင်းဒေးအမှတ်တရ လက်ဆောင်ဖြစ်လို့ ပါ။ တစ်နည်းပြောရရင် ဗယ်လင်တိုင်းဒေးဆိုတာ ချစ်သူများနေ့လို့ လှလှ ပပ ဘာသာပြန်ထားတဲ့နေ့ပါ။ ချစ်သူများနေ့ဆိုလို့ ကျွန်တော်တို့လို ချစ်သူ

mgyoe.com

mgyoe.com


နှစ်ယောက် သုံးယောက်သာရှိတဲ့သူတွေ ဝင်ရောက်မဆင်နွှဲရဘူးလို့တော့ ကန့်သတ်မထားပါဘူး (မိန်းမလစ်တုန်းကြွားရတာ)။ ချစ်သူနည်းနည်း ရှိရင်လည်း ဝင်ရောက်ဆင်နွှဲနိုင်တယ်တဲ့။ ကျား၊ မ ကန့်သတ်ချက်၊ အသက်အရွယ် ကန့်သတ်ချက် မရှိဘူးတဲ့။ လူမျိုးရေး ဘာသာရေး ကန့်သတ်ချက်မရှိဘူးတဲ့။ အနိမ့်ဆုံးအဆင့် သတ်မှတ်ချက်ကတော့ ကိုယ့်ကို ချစ်တဲ့သူမရှိရင်တောင် ကိုယ်ကချစ်ရသူတွေရှိရင် ဝင်ရောက်ဆင်နွှဲခွင့်ရပြီတဲ့။ ကျွန်တော်က မေတ္တာပွားတဲ့ အရွယ်ရောက်နေပြီဆိုတော့ ချစ်ရသူတွေများနေပြီလေ။ ဘောင်းဘီတိုတိုကောင်မလေးတွေ များပြားလာတာလည်း ပါတာပေါ့။

ဖေဖော်ဝါရီ ၁၃ ရက်ဟာ ဗိုလ်ချုပ်မွေးနေ့ပါ။ ဖေဖော်ဝါရီ ၁၂ ရက်နေ့ဟာ ပြည်ထောင်စုနေ့ပါ။ ဖေဖော်ဝါရီ ၁၁ ရက်ဟာ သိပ္ပံနယ်ပယ်ထဲက အမျိုးသမီးတွေနဲ့ မိန်းကလေးတွေကို ဂုဏ်ပြုတဲ့ အပြည်ပြည်ဆိုင်ရာနေ့ပါ။

ဒီလို ရက်ကြီးအခါကြီးတွေကို မေ့ထားတာကြာပေါ့။ ဗိုလ်ချုပ်ကြီးတွေ ဘုန်းမီးနေလတောက်ပနေချိန်မှာ ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ကို မေ့ထားကြ။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသမားတွေ တန်ခိုးထွားနေချိန်မှာ ပြည်ထောင်စုနေ့ကို ဝါးတားတားလုပ်ထားကြ။ အဲဒါတွေကို အစားထိုးဖို့ ဗယ်လင်တိုင်းဒေးဆိုတာကြီးကို သွင်းကုန်အစားထိုးခဲ့တယ် ထင်ပါတယ်။ စစ်အစိုးရလက်ထက် နှိပ်ကွပ်မှု အပြင်းထန်ဆုံးကာလမှာ ဗယ်လင်တိုင်းဒေးကြီးက လူငယ်တွေကြားမှာ ရေပန်းစားခဲ့တာပါ။ တည်းခိုခန်းတွေ အလုပ်ဖြစ်တဲ့နေ့၊ ချောကလက်တွေ လက်ဆောင်ပေးတဲ့နေ့၊ နှင်းဆီပန်းနီနီကလေးတွေ ရောင်းကောင်းတဲ့နေ့။

ဒီရေစီးထဲ ကျွန်တော်လည်း ခုန်ချလိုက်တယ်။ စပ်စုကြည့်တယ်၊ လေ့လာကြည့်တယ်၊ သုတေသနပြုကြည့်တယ် (သူများ အထင်ကြီးမလားလို့ပြောမိတာပါ)။ တကယ်တော့ ကိုယ်ဝါသနာပါတာလေး လုပ်ကြည့်တာ။ အန္တရာယ်လည်း သိပ်မများဘူး။ ၆၆(ဃ)နဲ့ ငြိမှာလည်း မကြောက်ရဘူးလေ။

ဒီခေတ် ကြဲဖန်ပြီး ကြီးကြီးကျယ်ကျယ် ပြောရရင် ၂၁ ရာစု အိုင်တီ

mgyoe.com

mgyoe.com


ခေတ်။ ဒီခေတ်မှာ အချစ်ဟာ တော်တော် ကျယ်ပြန့်နက်ရှိုင်းလာတယ်။ ကောင်လေးနဲ့ ကောင်မလေးချစ်တာ၊ ယောကျ်ားချင်းချစ်တာ၊ မိန်းမချင်း ချစ်တာ၊ ကျား မ မရွေး လိင်မခွဲဘဲ တစ်ပြိုင်တည်း ချစ်တာတွေပါ ပါလာပါ တယ်။ အချစ်နယ်ပယ်ဟာ ကျယ်ဝန်းလာတယ်။ ကျွန်တော်တို့ အဘိုးကြီး တွေ အဘွားကြီးတွေ မျက်စိပြူးကုန်ကြတယ်။ ကျွန်တော်တို့ခေတ်က အချစ် ဟာ လူတန်းစားမခွဲ၊ ဆင်းရဲချမ်းသာမခွဲ၊ လူမျိုးမခွဲ၊ အသားအရောင်မခွဲ၊ ကိုးကွယ်တဲ့ဘာသာမခွဲဘဲ ချစ်ခွင့်ရှိတယ်ဆိုတဲ့ အချစ်ယဉ်ကျေးမှု တော်လှန် ရေးခေတ်။ အဲဒီတုန်းကလည်း ကျွန်တော်တို့ အဘိုးတွေ အဘွားတွေ မျက် ကလဲဆန်ပျာဖြစ်ခဲ့ကြတာ ပြန်သတိရတယ်။ ဒီတစ်ခါတော့ ကျွန်တော်တို့ ခံရမယ့်အလှည့်။ ကိုယ်ခံရမယ့် အလှည့်ဆိုတော့ နည်းနည်းပါးပါး သက် သာလိုသက်သာငြား သူတို့ ခေတ်သစ်ယဉ်ကျေးမှုဖြစ်တဲ့ ဗယ်လင်တိုင်း ကြီးကို လေ့လာထားမှ။ ထုံးစံအတိုင်း အင်တာနက်ကြီးပေါ် တက်ရှာတတ်တဲ့ ကျွန်တော့်မိတ်ဆွေတွေကို အကူအညီတောင်းရတာပေါ့။ ကောင်းကင် ထက်က အင်တာနက်မှာ တက်ရှာနိုင်မှ အဆင့်မြင့်တဲ့ အချက်အလက်တွေ ရမှာလေ။ ဗယ်လင်တိုင်းနဲ့ပတ်သက်လို့ ကျွန်တော့်မိတ်ဆွေ အင်တာနက် ကြီး ပြောပြတဲ့ ပုံပြင်ကလေးကတော့ ဒီလိုပါ။

ဗယ်လင်တိုင်း (Valentine) ဆိုတာက ရောမခေတ်က ခရစ်ယာန် ဘုန်းတော်ကြီးတစ်ပါးရဲ့ နာမည်လို့ ဆိုပါတယ်။ ဒါနဲ့ ပတ်သက်လို့ ပုံပြင် တွေ အများအပြားရှိတယ်တဲ့။ တစ်ခုသောပုံပြင်ကတော့ သုံးရာစုနှစ်မှာ ရောမ အင်ပါယာကြီးကို ဒုတိယမြောက် ကရော့ဒစ် (Claudius II ) အမည် ရှိတဲ့ မင်းကြီး စိုးစံသတဲ့။ အဲဒီမင်းကြီးလက်ထက်မှာ ရောမစစ်သည်တော် တွေကို အိမ်ထောင်ပြုခွင့် မပေးဘူးတဲ့။ စစ်သည်တော်တွေ အိမ်ထောင်ပြု လိုက်ရင် တိုက်စွမ်းရည် ကျသွားမှာစိုးလို့တဲ့။ အဲဒီခေတ်က ဒီထက်ပိုတိကျပြီး ပိုဆိုးတဲ့ အထူးဥပဒေဆိုတာကြီးကလည်း ရှိသေးတယ်။ ဥပဒေပြုခွင့်ရှိတဲ့ သူတွေဟာ အဲဒီခေတ်ကတည်းက အထူးဥပဒေဆိုတာကြီးနဲ့ သူတို့ လုပ်ချင် တာ လုပ်နေကြတယ် ထင်ပါရဲ့။ အဲဒီ အထူးဥပဒေကြီးကတော့ ရောမ စစ်သည်တွေဟာ ခရစ်ယာန် မိန်းကလေးတွေနဲ့ လက်မထပ်ရဆိုတဲ့ ဥပဒေ ပါ။ အဲဒီလို လူမျိုးရေး ဘာသာရေး ခွဲခြားတဲ့ ခေတ်ဆိုးကြီးထဲမှာ ရောမ

mgyoe.com

mgyoe.com


စစ်သည်တွေနဲ့ ခရစ်ယာန် မိန်းကလေးတွေကို လက်ထပ်ပေးခဲ့တဲ့အမှုနဲ့ ဘုန်းတော်ကြီး ဗယ်လင် တိုင်းဟာ ထောင်သွင်းအကျဉ်းကျခံရသတဲ့။ အဲဒီလို အကျဉ်းကျခံနေရစဉ်မှာပဲ ဘုန်းတော်ကြီးဗယ်လင်တိုင်းဟာ ထောင်မှူးကြီး သမီးနဲ့ ချစ်ကြိုက်မိသတဲ့။ ဒီသတင်းကို မင်းကြီး ရွှေနားတော် ပေါက် ကြားသွားတော့ သူ့ကို ကွပ်မျက်ဖို့ အမိန့်တော်မှတ်လိုက်သတဲ့။ ဗယ်လင် တိုင်းဟာ သူ အသတ်မခံရ ခင်မှာ သူ့ချစ်သူဆီကို နောက်ဆုံးနှုတ်ဆက် စာလွှာကလေး ပါးလိုက်သတဲ့။ အဲဒီစာထဲမှာ "သင့်ရဲ့ ဗယ်လင်တိုင်း"လို့ လက်မှတ်ရေးထိုးထားသတဲ့။ ဒီအဖြစ်အပျက်ကလေးကိုသိတဲ့ ပြည်သူတွေ ဟာ ဗယ်လင်းတိုင်းကို အချစ် သူ့ရဲကောင်းအဖြစ် ဂုဏ်ပြုပြီး ဖေဖော်ဝါရီ ၁၄ ရက်နေ့ရောက်တိုင်း ဗယ်လင်တိုင်းနေ့ကို ကျင်းပခဲ့ကြသတဲ့။ အဲဒီနေ့မှာ အချစ်သင်္ကေတဖြစ်တဲ့ အသည်းပုံလေးတွေ လက်ဆောင်ပေးကြ၊ ချော ကလက်တွေ လက်ဆောင်ပေးကြ၊ နှင်းဆီနီနီကလေးတွေ လက်ဆောင်ပေး ကြနဲ့ အမှတ်တရ ကျင်းပကြပါတယ်။ အထူးသဖြင့် ပြင်သစ်နဲ့ အင်္ဂလန်နိုင်ငံ မှာ ကျင်းပလေ့ရှိသတဲ့။

ပုံပြင်ကလေးကတော့ ဒါပါပဲ။

ဗယ်လင်တိုင်းရဲ့ သမိုင်းအစဟာ ဖြူစင်တဲ့ လူငယ်ချင်း အချစ် အပေါ်မှာ အခြေခံထားပါတယ်။ ဘာသာရေး၊ လူမျိုးရေး၊ ဂုဏ်ဓနတွေ ခွဲခြားမှုကို ဆန့်ကျင်ခဲ့တာပါ။ အချစ်စစ် အချစ်မှန်အတွက် စနစ်ဆိုးတွေကို အသက်ပေးပြီး ဆန့်ကျင်ခဲ့တဲ့ အကြောင်းအရာတွေမှာ မြစ်ဖျားခံခဲ့တာပါ။ ရိုးမြေကျ ပေါင်းဖို့ သစ္စာထားခဲ့ကြပါတယ်။ ခုတော့ ကျွန်တော်တို့ သိနေ၊ မြင်နေသလို အလုံပိတ် ကော်ဖီဆိုင်တွေ၊ တည်းခိုခန်းတွေ၊ ကေတီဗွီတွေ မှာတွေ့ရတဲ့ အချစ်မျိုး မဟုတ်ပါဘူး။ ဗယ်လင်တိုင်းရဲ့ အနှစ်သာရကို ကျွန်တော် သိလိုက်ရပါပြီ။ ကျွန်တော်တို့ အဘိုးကြီးတွေ အဘွားကြီးတွေ လည်း ဒီပွဲမှာ လိပ်ပြာသန့်သန့်နဲ့ ဝင်ရောက်ဆင်နွှဲနိုင်ပါပြီ။

အိမ်က အဘွားကြီးကို ဗယ်လင်တိုင်းအမှတ်တရ ဘာပေးရင်ကောင်း မလဲ။ အသည်းပုံလေး ပေးရင်ကောင်းမလား။ ဒါကတော့ ရိုးနေပြီ။ ဒါဆို ချောကလက်လက်ဆောင်ပေးရင် ကောင်းမလား။ အိမ်နားကဈေးမှာ ချော ကလက်မရှိ။ ဒါပေမဲ့ ထန်းလျက်ခဲတော့ရှိတယ်။ သူလည်းကြိုက်တယ်။

mgyoe.com

mgyoe.com


ဒါပေမဲ့ ထန်းလျက်ခဲကလည်း အိမ်မှာရှိပြီးသား။ ဒီတော့ အလွယ်တကူ ဝယ်ယူလို့ရတဲ့ နှင်းဆီပန်းနီနီကလေးတွေ ဝယ်ပေးမှ။

အိမ်နားက လမ်းဘေးဈေးမှာ ရောင်းတဲ့ နှင်းဆီပန်းနီနီတစ်စည်းဝယ်၊ အိမ်လှေကားပေါ် ခြေသံမကြားအောင်တက်၊ ပန်းစည်းကလေးကိုင်တဲ့ လက်ကို နောက်ပစ်ထား၊ သူနဲ့တွေ့မှ ဘွားခနဲ ထုတ်ပေးလိုက်။ ကိုရီးယားကားထဲကလို စပရိုက် (Suprice!) လို့ ပြောလိုက်။ သူ အံ့သြဝမ်းသာ။ ဘယ်လောက်ကောင်းမလဲ။

အဲဒီလိုတွေးရင်း ကျွန်တော် လှေကားပေါ် ခြေသံမကြားအောင် တက်လာ၊ သူ့ကိုတွေ့၊ သူက ဘုရားရှိခိုးနေ၊ ဟော သူ ဘုရားရှိခိုးပြီးပြီ။ ကျွန်တော်က ကျောနောက်မှာ ဝှက်ယူလာတဲ့ ပန်းစည်းကို သူ့ကိုပေးလိုက်။
သူ့မျက်နှာမှာ အံ့သြဝမ်းသာတဲ့ မျက်နှာနဲ့ ကျွန်တော့်ကို မော့ကြည့်။

"ဩော် ရှင်ကဘုရားပန်းတွေ ဝယ်လာတယ်။ ဘုရားတရားတွေ ဘာတွေ သိလို့ပါလား။ ဘုရားတရားသိရမယ့် အရွယ်လည်းရောက်ပြီကိုး သာဓုပါတော် သာဓုပါ"


အင်း ယဉ်ကျေးမှုဆိုတာ သူ့အရွယ်နဲ့သူ၊ သူ့ခေတ်နဲ့သူပါလားဗျာ။

(၁၁-၂-၂၀၁၇)

✦

mgyoe.com

mgyoe.com



## သမဂ္ဂအိပ်မက်

မုဒိမ်း၊ ခါးပိုက်နှိုက်၊ ဓားပြ၊ သူခိုး၊ စစ်ပြေး စတဲ့
ရာဇဝတ်သားတွေက ကြိမ်လုံးတွေတဝင့်ဝင့်၊
သားရေပတ် တယမ်းယမ်းနဲ့ ကျွန်တော်တို့ကို
ပုံစံပေးဖို့ အသင့်ဖြစ်နေပါပြီ။ သူတို့ အဆောင်မှူး
ဆာဂျင်သိန်းမြိုင်ရဲ့ 'ရိုက်' ဆိုတဲ့ အမိန့်ကိုနာခံဖို့
အသင့်ဖြစ်နေပါပြီ။

အမိပတိလမ်းဘက်ကို ချိုးကွေ့လိုက်တော့ ကျောင်းသားသမဂ္ဂ အဆောက်အအုံကြီးကို ဘွားခနဲ တွေ့လိုက်ပါတယ်။

တကယ်တော့ ၁၉၇၂ ခုနှစ် ကျွန်တော် တက္ကသိုလ်ရောက်ခါစ မန္တလေးဆောင်ပေါ်က လှမ်းမြင်နေရတဲ့ မြေကွက်လပ်နေရာပါ။ အဲဒီတုန်းက မန္တလေးဆောင်ပေါ်ကနေ လှမ်းကြည့်လိုက်တိုင်း ချုံနွယ်ပိတ်ပေါင်းတွေ ဖုံးနေတဲ့နေရာ။ အဲဒီနေရာက ရေညှိတွေတက်နေတဲ့ အထီးကျန် ကျောက်တိုင်ပုပုလေးကလေးကို ငေးရင်း အတွေးတွေ ပျံ့လွင့်နေခဲ့ရ။ ဟိုးရှေးရှေးတုန်းက ဒီနေရာမှာ ကျောင်းသားသမဂ္ဂဆိုတာ ရှိသတဲ့။ အဲဒီကျောင်းသား

mgyoe.com

mgyoe.com


သမဂ္ဂမှာ မြန်မာ့လွတ်လပ်ရေးကို တိုက်ပွဲဝင် ကျောင်းသားတွေကို မွေးထုတ်ပေးတာပေါ့။ ဟိုမှာ အထီးကျန် ရပ်ခံနေတဲ့ ကျောက်တိုင်ပုပုကလေးကတော့ ကိုလိုနီနယ်ချဲ့ရဲ့ လက်ချက်နဲ့ ကျဆုံးသွားတဲ့ ဗိုလ်အောင်ကျော် ဆိုတဲ့ ကျောင်းသားလေးတစ်ယောက်ကို ဂုဏ်ပြုစိုက်ထူထားတာလေ။ ခုတော့ ချုံနွယ်ပိတ်ပေါင်းတွေ၊ အဲဒီချုံနွယ်တွေအောက်မှာ လဲလျောင်းနေတဲ့ အုတ်တိုင်တချို့။

ကျောင်းသားသမဂ္ဂအဆောက်အအုံကြီးကို ဝါကြန့်ကြန့်စာအုပ်အဟောင်းတွေထဲမှာ ဝေဝေဝါးဝါး တွေ့ခဲ့ရတဲ့အခါ ရင်တွေခုန်ခဲ့ရ၊ ကျောင်းသားတစ်ယောက်နဲ့တစ်ယောက် တိုးတိုးတိတ်တိတ် လက်ဆင့်ကမ်းခဲ့ရ၊ တိတ်တခိုး သက်ပြင်းချခဲ့ရ။

၁၉၇၅ ဦးသန့်အရေးအခင်းမှာ ဦးသန့်ရုပ်ကလာပ်ကို ဒီနေရာမှာ မြှုပ်နှံဖို့ ကြိုးစားရင်း ကျောင်းသားသမဂ္ဂ ပြန်လည်တည်ဆောက်ဖို့ အားထုတ်ခဲ့ကြပါသေးတယ်။ ဒါပေမဲ့ အဓိပတိလမ်းတစ်လျှောက်က ကျောင်းသားသမဂ္ဂ ပြန်လည်တည်ဆောက်ရေး ကြွေးကြော်သံဟာ သံတိုင်တွေနောက်ကွယ်ကို ရောက်ခဲ့ပြီး ထောင်နံရံတွေမှာသာ ပဲ့တင်ထပ်စေခဲ့တာပါ။

အဲဒီတုန်းက ထောင်တွေထဲမှာ အော်သံဟစ်သံ တောက်ခေါက်သံတွေနဲ့အတူ မော်တော်ဆိုင်ကယ်စီး၊ လေယာဉ်ပျံစီးခဲ့ရ။ သံချောင်းခေါက်လို့ အိပ်ချိန်လို့ အော်လိုက်တဲ့ အသံပြဲကြီးကို လျစ်လျူရှုရင်း ကျောင်းသားသမဂ္ဂ ဘယ်လို ပြန်ဆောက်မလဲဆိုတာကို ဝိုင်းဖွဲ့တိုင်ပင်ခဲ့ကြ၊ စိတ်ကူးတွေယဉ်ခဲ့ကြ၊ အိပ်မက်တွေ မက်ခဲ့ရ။ ခုတော့ ကျောင်းသားသမဂ္ဂကြီးကို စာအုပ်ဟောင်းတွေ၊ ဓာတ်ပုံဟောင်းတွေထဲကအတိုင်း တွေ့လိုက်ရပြီ။

"ခင်ဗျားလာမယ်ဆိုလို့ ကျုပ် စောင့်နေတာ"

မျက်လုံးမှေးမှေး အသားညိုညို ချင်းလူမျိုး ဗိသုကာကျောင်းသားဟောင်း ကိပ်ခိုလျှန်က ဂိတ်ဝက အုတ်ခုံကလေးပေါ်က ထလာရင်း ကျွန်တော့်ကို ဆီးကြိုလိုက်ပါတယ်။

ကျွန်တော်တို့ ဂိတ်ဝကနေ သမဂ္ဂအဆောက်အအုံကိုလှမ်းကြည့်ရင်း

"အရင်တုန်းက အဆောက်အအုံအတိုင်းပဲနော်"

ကျွန်တော် တအံ့တသြ ငေးရင်း ပြောမိပါတယ်။

mgyoe.com

mgyoe.com


ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂအဆောက်အအုံဟာ ၁၉၂၇ ခုနှစ်က သူဌေးကြီးဦးညိုရဲ့ ဆောက်လုပ်လှူဒါန်းမှုနဲ့ ပေါ်ပေါက်လာတာပါ။ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေး၊ တွေရဲ့ ဖြစ်ဖွားခံရာဖြစ်ပါတယ်။ ဒီသမိုင်းတွေကိုသိတဲ့ ကိပ်ကတော့ သူ့မျက်ပေါက်ကျဉ်းကျဉ်းကလေး ပိတ်သွားတဲ့အထိ ပြုံးပြုံးကြီးကြည့်ရင်း

"ကျွန်တော့်အမြင်ကတော့ ဒီလိုအမှတ်တရ အဆောက်အအုံတွေ ပြန်လည်တည်ဆောက်တဲ့အခါ ရှေးဟောင်းလက်ရာတွေ၊ သမိုင်းဆိုင်ရာ အချက်အလက်တွေ၊ ခံစားချက်တွေကို ပြန်လည်သတိရဖို့တင်မကပါဘူး။ သင်ခန်းစာယူဖို့လည်းလိုတယ်၊ ခေတ်မီဖို့လည်း လိုတယ်လေ။ အဲဒီမတူညီတဲ့ အချက်တွေရဲ့ ပဋိပက္ခတွေကို တစ်ပြိုင်တည်း ဖြေရှင်းရတာ ကျွန်တော် စိတ် ဝင်စားတယ်"

သူ့စကားကိုနားထောင်ရင်း ကျွန်တော် ကျောင်းသားသမဂ္ဂဝင်းထဲကို ဝင်လိုက်ပါတယ်။ ခြေလှမ်းသုံးလေးလှမ်းလောက် လှမ်းလိုက်တော့ ဗိုလ်အောင်ကျော်ကျောက်တိုင်ကို ဦးတိုက်မိပါတယ်။ ကျောက်တိုင်ပုကလေးဟာ ရေညှိတွေ အလိမ်းလိမ်းနဲ့ ဗိုလ်အောင်ကျော်လို့ ရေးထိုးထားတဲ့ စာတန်းဟာ လည်း ဆေးရောင်တွေ မှိန်ပျပျနဲ့ပါ။ ဒါပေမဲ့ ကျောက်သားမှာ ထွင်းထားတာမို့ ဖတ်လို့ ကောင်းကောင်းရပါသေးတယ်။

"ဒီကျောက်တိုင်ကို အခုလို အဟောင်းအတိုင်းထားတာ လောကဓံကို ကြံ့ကြံ့ခံနိုင်တယ်ဆိုတဲ့အကြောင်း ပြောပြချင်လို့ပါ။ ကျောက်တိုင်ပုံစံကလည်း လေးထောင့်စပ်စပ်မို့ ခိုင်မာတယ်၊ တည်ကြည်တယ်ဆိုတာကို ပြဆိုပြီးသားလေ"

ကိပ်က ကျွန်တော့်ကို ရှင်းပြပါတယ်။

နောက်ထပ် ရှေ့ကိုခြေလှမ်းတစ်လှမ်းလောက် လှမ်းလိုက်တဲ့အခါ ကျွန်တော့် မျက်စိရှေ့က ကျောင်းသားသမဂ္ဂအဆောင်အအုံကြီးဟာ ပျောက်သွားပြီး ပြိုပျက်နေတဲ့ အင်္ဂတေတုံးနဲ့ လဲပြိုနေတဲ့ သံတိုင်ကြီးတွေကို စိန်ပန်းပင်တွေကြားမှာ တွေ့လိုက်ရပါတယ်။ အစိမ်းရောင် စိန်ပန်းတောအုပ်ထဲမှာ အနီရောင် စိန်ပန်းပွင့်တွေက မြေပြင်မှာကြွေလို့။

"အခုလို စိန်ပန်းနီတွေ မြေပြင်မှာကြွေနေတဲ့ ရှုခင်းက ၇ ဇူလိုင်မှာ

mgyoe.com

mgyoe.com


ကျဆုံးခဲ့တဲ့ ကျောင်းသားတွေကို ဂုဏ်ပြုတဲ့ Landscape ကို ဖန်တီးထားတာလေ"

"ခုနက မြင်လိုက်တဲ့ ကျောင်းသားသမဂ္ဂအဆောက်အအုံကြီးကရော ဘယ်ရောက်သွားတာလဲဗျ"

"အဲဒါက ပုံရိပ်ယောင်ပါ။ 3D Hologram နည်းပညာနဲ့ ပုံဖော်ထားတာပါ။ အဓိပတိလမ်းပေါ်က ကြည့်ရင် ဟိုးတုန်းက သမဂ္ဂအဆောက်အအုံကြီးကို မြင်ရမယ်။ ဒါပေမဲ့ သမဂ္ဂဝင်းထဲရောက်လို့ ဗိုလ်အောင်ကျော်ကျောက်တိုင်ကို ဦးတိုက်ပြီး နောက်ထပ် ခြေတစ်လှမ်း လှမ်းလိုက်တာနဲ့ ခင်ဗျား အခုမြင်နေရတဲ့ စိန်ပန်းပွင့်နီနီတွေ ကြွေနေတဲ့ စိန်ပန်းတောကြီးနဲ့ ပြိုပျက်နေတဲ့ ကျောက်ပုံကြီးကို မြင်ရမှာပါ"

မြေပြင်မှာ လဲလျောင်းနေတဲ့ စိန်ပန်းနီနီပေါ် ဖူလိုင်မိုးစက်ကလေးတွေ ကြွေကျနေသံကလည်း ကြေကွဲဖွယ် ခပ်လေးလေး စည်းချက်ကလေးတွေပါ။ ဒီရှုမျှော်ခင်းထဲရောက်နေတဲ့သူရဲ့ ရင်ခုန်သံနဲ့ ဟန်ချက်ညီနေပါတယ်။

ခပ်လှန်းလှန်းက ပြိုပျက်နေတဲ့ အုတ်ပုံနားကို ရောက်သွားတော့ အဲဒီအုတ်ပုံမှာ ၇ ဖူလိုင်တုန်းက ကျဆုံးခဲ့တဲ့ ကျောင်းသားတွေရဲ့ နာမည်တွေကို ရေးထိုးထားပါတယ်။

အမှတ်တရအုတ်ပုံကြီးနားကို တဖြည်းဖြည်း တိုးသွားတဲ့အခါ အုတ်ပုံကြီး အောက်ကို ဆင်းသွားတဲ့ မြက်ခင်းလှေကားကလေးကို တွေ့ပါတယ်။ လှေကားအတိုင်း ဆင်းသွားတော့ အလင်းရောင်ဟာ တဖြည်းဖြည်း မှိန်လာပြီး သမဂ္ဂသီချင်းသံဟာ တဖြည်းဖြည်း တိုးထွက်လာပါတယ်။

သီချင်းသံလာရာဘက်ကို စီးမျောလိုက်ပါသွားတဲ့အခါ လျှပ်စစ်ဖယောင်းတိုင်တွေ ထွန်းထားတဲ့ အခန်းကျယ်ကြီးတစ်ခုထဲကို ရောက်သွားတာ သတိထားမိပါတယ်။

"ခင်ဗျား ဒီမျက်မှန်တပ်လိုက်လေ"

ကိုပ်ပေးတဲ့ မျက်မှန်ကလေးကို တပ်လိုက်ပါတယ်။ မျက်မှန်ကိုင်းမှာ နားကျပ်တစ်စုံပါ ကပ်ထားတာမို့ သမဂ္ဂသီချင်းသံဟာ ပိုမို ပီပြင်လာပါတယ်။

mgyoe.com

mgyoe.com


ကျွန်တော့်ရှေ့က မြင်ကွင်းဟာလည်း ပြောင်းသွားပါပြီ။ အစည်းအဝေးခန်း တစ်ခု၊ သမဂ္ဂ ဥက္ကဋ္ဌ ကိုအောင်ဆန်းဟာ သူ့ထိုင်ခုံပေါ်ကထပြီး ဒေါမာန် ပါပါနဲ့ ပြောနေပါတယ်။ အခြားကျောင်းသား ကျောင်းသူတချို့က သူနဲ့ အပြန်အလှန် ငြင်းခုံနေပါတယ်။ သူတို့ရှေ့က စားပွဲခုံပေါ်မှာ အိုးဝေစာစောင်ကို ဖြန့်ချထားတာကို ကြည့်ခြင်းအားဖြင့် သူတို့ အိုးဝေစာစောင်နဲ့ပတ် သက်လို့ အငြင်းအခုံဖြစ်နေတယ်လို့ ခန့်မှန်းနိုင်ပါတယ်။

ကျွန်တော် သူတို့စားပွဲဆောင်းက ဖြတ်လျှောက်သွားပါတယ်။ ဗိုလ်ကေပြောင်ပြောင်၊ ဘွတ်ဖိနပ်ပြောင်ပြောင်၊ ဘန်ကောက်လုံချည်ပြောင်ပြောင်နဲ့ ကျောင်းသားတစ်ယောက်က ကျွန်တော့်နားက ဖြတ်လျှောက်သွားပါတယ်။ ကျွန်တော့်ကိုတော့ တစ်ချက်ကလေးတောင် ငဲ့မကြည့်ခဲ့။

ဟောဟိုမှာ မျက်နှာသွယ်သွယ်၊ ကိုယ်လုံးသွယ်သွယ်၊ ဘောင်းဘီဖြူ၊ ကုတ်အကျႌအဖြူနဲ့ ကျောင်းသားတစ်ယောက်။ သူက သူ့ခါးဝက်လောက်ရှိတဲ့ ရေးပြီးခါစ ကျောင်းသားသမဂ္ဂပုံ ဆိုဆေးပန်းချီကားကြီးကို မနိုင့်တနိုင်မ လာကာ နံရံမှာချိတ်ဖို့လုပ်နေပါတယ်။ သူက ပန်းချီမောင်နန်းဝေ။

သူ့ရှေ့က ဖြတ်လျှောက်သွားတော့ ကျွန်တော့်ကို သူမ ကြည့်။ သူ့ပန်းချီကားချိတ်ဖို့ကိုသာ သူ အာရုံရောက်နေပါတယ်။

မကြာခင် မြင်းခွာသံတွေ အဆက်မပြတ် ပေါ်လာပါတယ်။

"သပိတ်သပိတ် မှောက်မှောက်"၊ "မီးတုတ်မီးတုတ် ရှို့ရှို့"ကြွေးကြော်သံတွေ ဆူညံလာတယ်။ ကိုဗဟိန်းရဲ့ "မြင်းခွာတစ်ချက်ပေါက်ရင် မီးဟုန်းဟုန်း တောက်စေရမယ်"ဆိုတဲ့ မိန့်ခွန်းသံ။ ဗိုလ်အောင်ကျော် ရှာပနမှ ငိုရှိုက်သံ။

လေယာဉ်ပျံ အချက်ပေးဥသြဆွဲသံတွေ အဆက်မပြတ် ထွက်ပေါ်လာပြီး ဗုံးသံတွေ တဝုန်းဝုန်း ကျွန်တော့်နားမှာ ပေါက်ကွဲနေပါတယ်။ ဒုတိယ ကမ္ဘာစစ်ဖြစ်ပြီ။ ယူနီယံဂျက်အလံ၊ နေဝန်းနီ ဂျပန်အလံ ဒေါင်းတံဆိပ် သုံးရောင်ခြယ် BIA, BDA အလံ၊ ကြယ်ငါးပွင့်အလံ၊ အလံတွေ တစ်ခုပြီးတစ်ခု ပေါ်လိုက် ပျောက်လိုက်။

ဝုန်းခနဲ အသံနက်ကြီးပေါ်လာပြီး ကျောင်းသားသမဂ္ဂအဆောက်အအုံကြီး ပြိုကျသွားသံ။

mgyoe.com

mgyoe.com


ကျောင်းသားတွေ သွေးအလိမ်းလိမ်း ဟိုပြေးဒီပြေး၊ ဂျီသရီးသေနတ် သံများ အဆက်မပြတ်ထွက်ပေါ်၊ ဗိုလ်ချုပ်နေဝင်းရဲ့ ဓားဓားချင်း လှံလှံချင်း မိန့်ခွန်းသံက ကျယ်သည်ထက်ကျယ်လာ။

ဦးသန့်ရုပ်ကလာပ်၊ သခင်ကိုယ်တော်မှိုင်းပုံ ကိုင်ထားတဲ့ ကျောင်း သားတွေရဲ့ကြွေးကြော်သံ ။

၈၈ အရေးတော်ပုံ အဓိပတိလမ်းထိပ်မှာ မင်းကိုနိုင် မိန့်ခွန်းပြောသံ၊ သေနတ်သံများ။

လူတချို့ ကျွန်တော့်ဘေးနားမှ ဖြတ်သွားကြ။

ခွပ်ဒေါင်းအလံတွေ တလူလူလွင့်။ လက်ပံတန်းသပိတ်။ ဖြိုးဖြိုး အောင်၊ ကျော်ကိုကို၊ မင်းသွေးသစ်၊ ဖေယျလွင် ကျောင်းသားခေါင်းဆောင် တွေ အသစ်တွေ ပေါ်လာ။

လူစုခွဲဖို့ သတိပေးသံ၊ ရိုက်သံနှက်သံ၊ ဒီမိုကရေစီပညာရေး ကြွေး ကြော်သံ။

တကယ်ဖြစ်နေတဲ့ သတ်ကွင်းထဲ ကိုယ်ကိုယ်တိုင်ရောက်နေသလို။ ကျောင်းသားသမိုင်းရဲ့ ရင်ခုန်သံတွေ ကျွန်တော့်ရင်ထဲကို ရိုက်ခတ်သွား။

"မျက်မှန်ချွတ်လိုက်လေ မောသွားပြီလား"

ကျွန်တော် သမိုင်းထဲကို ကိုယ်တိုင် အလည်ရောက်လို့ ပြန်ခဲ့ပြီ။

မျက်မှန်ချွတ်လိုက်ပြီး ကိပ်ကို ပေးလိုက်ပါတယ်။ ဟိုဘက်ခန်းကို သွားကြည့်ဦးမလား။ သူခေါ်ရာကို လိုက်သွားလိုက်ပါတယ်။

အစည်းအဝေးခန်းထဲမှာ ကျောင်းသားတချို့ စစ်ဘေးရှောင်တွေ အတွက် ဘယ်လိုကူညီရမယ်ဆိုတာ ဆွေးနွေးနေကြပါတယ်။ ဆံပင်ကုပ်ဝဲ၊ မျက်မှန်ပါးပါး၊ ဂျင်းဘောင်းဘီအပြာနဲ့ ကျောင်းသူတစ်ယောက်က လက်နက် ကိုင် အားလုံးရဲ့ မိခင်တွေ စုပေါင်းပြီး ငြိမ်းချမ်းရေးလှုပ်ရှားမှုပြုဖို့ အကြံပြု သွားပါတယ်။

ကျွန်တော်တို့ လွတ်နေတဲ့ နောက်တန်းနေရာမှာ ဝင်ထိုင်ရင်း သူတို့ ပြောနေဆိုနေတာတွေကို နားထောင်ပါတယ်။

မကြာခင် ကျောင်းသားတစ်ယောက် ရောက်လာပြီး ရေနွေးကြမ်းနဲ့ ကောက်ညှင်းပြန်ပေါင်းထုပ် ပူပူလေးတစ်ပွဲကို လာချပါတယ်။ ပြန်ပေါင်း

mgyoe.com

mgyoe.com


ထုပ်ပူပူကလေးကို အသာလေး ကိုင်မိလိုက်ခါရှိသေး

"ကိုဇေကြီး အဆောင်ပိတ်ခါနီးပြီ တန်းစီရတော့မယ် ပြန်ရအောင်"

အင်းစိန်ထောင် အဆောင် ၃ က တန်းစီးအောင်မြင့်ရဲ့ အားလုံးငြိမ် ဆိုတဲ့အသံဟာ ပြန်ပေါင်းထုပ်ကိုယူတော့မယ့် ကျွန်တော့်လက်ကို တွန့်သွားစေပါတယ်။

ကျွန်တော်တို့ အင်းစိန်ထောင်ထဲ ပုံစံထိုင်ဖို့အမီ ပြန်ရောက်သွားပါတယ်။

ကျွန်တော်ရော ကိပ်ပါ အလုအယက် တန်းစီ၊ ခေါင်းငုံ့၊ လက်ကို ခေါင်းပေါ်တင်၊ ဆောင့်ကြောင့်ထိုင်ကာ ပုံစံထိုင်လိုက်ကြပါတယ်။ ဘေးမှာ ရခိုင်ကျောင်းသား ဦးလှစော၊ နာဂကျောင်းသား ထွန်းကြည်၊ မွန်ကျောင်းသား ချစ်ကြိုင်နဲ့ အခြားကျောင်းသား သုံးလေးယောက်က ကျွန်တော်တို့နဲ့အတူ။

မုဒိမ်း၊ ခါးပိုက်နှိုက်၊ ဓားပြ၊ သူခိုး၊ စစ်ပြေး စတဲ့ ရာဇဝတ်သားတွေက ကြိမ်လုံးတွေတဝင့်ဝင့်၊ သားရေပတ် တယမ်းယမ်းနဲ့ ကျွန်တော်တို့ကို ပုံစံ ပေးဖို့ အသင့်ဖြစ်နေပါပြီ။ သူတို့ အဆောင်မှူး ဆာဂျင်သိန်းမြိုင်ရဲ့ ရိုက်ဆိုတဲ့ အမိန့်ကို နာခံဖို့ အသင့်ဖြစ်နေပါပြီ။

ကျွန်တော် ဇောချွေးတွေ ပြန်လာပါတယ်။ အသက်ရှူလို့ မဝတော့ပါ။

လန့်နိုးတော့ DVB က သတင်းကြေညာသူ ခိုင်ပန်းနုရဲ့ အသံကို ပြတ်တောင်းပြတ်တောင်း ကြားလိုက်ရပါတယ်။

ကျောင်းသားသမဂ္ဂ အသစ်ပြန်ဆောက်ဖို့ ကျောင်းသားတွေ ဆွေးနွေးကြမယ်တဲ့။

အထက်တန်းကျောင်းတွေ အပါအဝင် ကျောင်းတိုင်းကျောင်းတိုင်းမှာ ကျောင်းသားသမဂ္ဂတွေ အမြန်ဆုံး တရားဝင် ဖွဲ့စည်းခွင့်ရပါစေ၊ သမဂ္ဂ ပြန်လည်တည်ဆောက်ရေးမှာ ကျောင်းသားသမဂ္ဂအားလုံး ပါဝင်နိုင်ပါစေ။

ကျွန်တော် မျက်စိမဖွင့်ရဲဘဲ ဆုတောင်းနေမိပါတယ်။

(၂၄-၂-၂၀၁၇)

✦

mgyoe.com

mgyoe.com

## ကဗျာကလေးတစ်ပုဒ်အကြောင်း
## (ကမ္ဘာ့ကဗျာနေ့ အမှတ်တရ)

ဘယ်သူတွေ ဘာပြောပြော
သူငယ်ချင်းပြောတဲ့ ကဗျာကလေးကိုတော့
ကျွန်တော် အမိပွာယ် မဖွင့်ရက်နိုင်ပါ။

တို့တစ်တွေမှာ တောင်ပံတွေ မရှိလေတော့ လေပေါ်ပျံတက်လို့
မရဘူးပေါ့
ဒါပေမဲ့ အမြင့်ကို တက်လှမ်းဖို့တော့ ခြေထောက်တွေ ပါလေရဲ့
တဖြည်းဖြည်းချင်း တရွေ့ရွေ့နဲ့ ပိုမိုမြင့်မားတဲ့
တို့ခေတ်ရဲ့ တိမ်ဖုံးတောင်ထွတ်တွေဆီသို့

ကဗျာဆရာ ကိုရွှေးက ၂၀၁၇ ကမ္ဘာ့ကဗျာနေ့အတွက် UNESCO ညွှန်ကြားရေးမှူးချုပ် အိုင်ရီနားဗိုကိုးဗားထံက သဝဏ်လွှာကို ယုဒသန်ခန်းမမှာ ဖတ်ကြားနေတာပါ။ ဒီစာသားကလေးကတော့ ကဗျာဆရာ ဟင်နရီဝဒ်စ်ဝေါသ်လောန်းဖဲလိုးရဲ့ စာသားကလေးပါ။

ကဗျာဟာ ရင်သပ်ရှုမောဖွယ် လူသားတို့ရဲ့ဘဝကို လှမ်းမျှော် ကြည့်ရှုနိုင်တဲ့ ပြတင်းပေါက်တစ်ခုလို့ အချို့က ဆိုပါတယ်။ ကဗျာဆရာတွေဟာ အဲဒီပြတင်းပေါက်ကတစ်ဆင့် အတိတ်ကို သမင်လည်ပြန် ကြည့်တတ်သလို အနာဂတ်ကို လှမ်းမျှော်ကြည့်နိုင်သူတွေလည်း ဖြစ်ပါတယ်။ ဒါကိုသတိပြုမိတဲ့ ပညာရှင်တွေဟာ UNESCO ရဲ့ ဦးဆောင်မှုနဲ့ ၁၉၉၉ ခုနှစ် မတ်လ ၂၁ ရက်နေ့ကစလို့ ခုလို ကမ္ဘာ့ကဗျာနေ့ကို ကျင်းပခဲ့တာပါ။ မြန်မာပြည်မှာ

mgyoe.com

mgyoe.com




တော့ ကဗျာနေ့ကို ကျင်းပခွင့်ရခဲ့တာ ငါးနှစ်ရှိခဲ့ပါပြီ။

ကျွန်တော်တို့ ကျောင်းသားဘဝ ၁၉၇၂ ဝန်းကျင်တုန်းက ကဗျာဝါသနာပါသူ၊ ကဗျာရေးသူ လူငယ်တွေကို အစိုးရဆန့်ကျင်ရေးသမားတွေ၊ ကွန်မြူနစ်တွေ၊ ကျောင်းသားဆိုးတွေ ဆိုတဲ့ ဆိုင်းဘုတ် အမျိုးမျိုးတပ်ပြီး ကျောင်းထုတ်၊ ထောင်ထဲထည့် ခံခဲ့ရပါတယ်။ ဒါပေမဲ့ ကဗျာချစ်တဲ့ လူငယ်တွေဟာ ဖယောင်းစက္ကူပေါ်မှာ၊ ကျောင်းနံရံတွေပေါ်မှာ သူတို့ကဗျာတွေကို ရေးဖွဲ့ခဲ့ကြပါတယ်။ ထောင်ထဲရောက်တော့လည်း ထောင်နံရံတွေပေါ်မှာ သူတို့ရဲ့ ကဗျာတွေကို သီကုံးခဲ့ကြပါတယ်။

၁၉၇၆ အမှောင်ခေတ် ရန်ကုန်တက္ကသိုလ်မှာ ကဗျာကြယ်ပွင့်တွေ တလက်လက် တောက်ပခဲ့ပါတယ်။ အဲဒီအချိန်မှာ သခင်ကိုယ်တော်မှိုင်း ရာပြည့် အရေးအခင်း ပေါ်ပေါက်ခဲ့ပြီး ကဗျာကြယ်ပွင့်တွေ ခြွေနင်းခံခဲ့ရပါတယ်။

မှတ်မှတ်ရရပါပဲ ခုလို ပူပြင်းတဲ့ နွေတစ်နေ့ အင်းစိန်ထောင်မှာ လုံးတီးထမင်းအသိုးတွေ ကျွေးတာနဲ့ ပတ်သက်ပြီး ကျောင်းသားတွေ အစာငတ်ခံ ဆန္ဒပြခဲ့ကြပါတယ်။

ပထမနေ့ – အစာငတ်ခံ ဆန္ဒပြ ကျောင်းသားတွေကို စစ်ခွေးတိုက်ကို ခေါ်သွားပြီး တိုက်ပိတ်လိုက်ပါတယ်။

ဒုတိယနေ့ – ကျောင်းသားတွေ ရေသောက်ပြီး ဆက်လက် ဆန္ဒပြနိုင်တယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ သောက်ရေအိုးတွေ ရိုက်ခွဲလိုက်ပါတယ်။

mgyoe.com

mgyoe.com


တတိယနေ့ – ကျောင်းသားတွေက သူတို့ရဲ့ ကျင်ငယ်ရည်ကို ဂန်ဖလားမှာ စနစ်တကျ စုဆောင်းထားပြီး ရေငတ်တဲ့အခါ ကျင်ငယ်ရည်ကို သောက်ရင်း ဆက်လက်ဆန္ဒပြကြပါတယ်။

စတုတ္ထနေ့ – ကျောင်းသားတွေကို ကိုယ်တုံးလုံးချွတ်ခိုင်းပြီး ပုံစံထိုင်ခိုင်းပါတယ်။ နောက် ဝါဒါတွေက တုတ်နဲ့ဝင်ရိုက် ၊ စစ်ဖိနပ်နဲ့ ရင်ဝကန်၊ တစ်ယောက်ပြီးတစ်ယောက် ခြေထောက်ကဆွဲကာ အခန်းထဲက ဆွဲထုတ်ခဲ့တယ်လို့ဆိုပါတယ်။

ကျွန်တော်ကတော့ ကံကောင်းပါတယ်။ ကျွန်တော့်ရင်ဝကို အားပြင်းပြင်းနဲ့ တစ်ချက်အကန်ခံလိုက်ရတာပဲ သိလိုက်ပါတယ်။ နောက်ထပ်ဘာမှမသိတော့ပါ။ အခန်းဖော် ကျောင်းသားတွေကပြောတော့ ကျွန်တော်သတိလစ်ပြီး အကြောဆွဲနေတာ အကြာကြီးပဲတဲ့။ နောက်တော့ ငြိမ်ကျသွားတယ်။ သေသွားပြီလို့ အားလုံးက ထင်နေကြတာတဲ့။

ကျွန်တော် သတိရလို့ ထကြည့်လိုက်တော့ ကျောင်းသား ဆယ်ယောက်လောက်ရှိတဲ့ ကျွန်တော်တို့အခန်းထဲမှာ ကျွန်တော်နဲ့ နောက်နှစ်ယောက်လောက်ပဲ ရှိပါတော့တယ်။ သူတို့က ပြန်ထလာတဲ့ ကျွန်တော့်ကို တအံ့တသြကြည့်ရင်း စိုးရိမ်နေပုံရပါတယ်။ ကျွန်တော်ကတော့ အညောင်းအညာ တော်တော်ပြေသွားသလိုလို၊ စိတ်တွေလန်းဆန်းသွားသလိုလို ပေါ့ပါးတဲ့ ခံစားမှုတစ်မျိုးကို ခံစားရပါတယ်။ အာခေါင်ခြောက်သလိုလိုဖြစ်လာလို့ ဂန်ဖလားထဲက ကျင်ငယ်ရည်ကိုသောက်ဖို့ အခန်းထောင့်ကို ဖင်တရွတ်ဆွဲပြီး သွားပါတယ်။ ဂန်ဖလားထဲက ကျင်ငယ်ရည်ဟာ အနီရောင်သန်းနေပါပြီ။ ရေမသောက်ဘဲ ကျင်ငယ်စွန့်ခဲ့ရလို့ ထင်ပါရဲ့။ ကျင်ငယ်ရည်မှာ သွေးရောင်သန်းနေတာ ဖြစ်ပါလိမ့်မယ်။ ကျင်ငယ်ရည်ကို အားပါးတရ သောက်မယ်ပြင်လိုက်တော့ ပါးစပ်က ဟလို့မရဘူးဆိုတာ သိလိုက်ရပါတယ်။ ကျင်ငယ်ရည်က အနည်တွေတောင် ထိုင်လို့။ အပေါ်ယံအရည်ကြည်ကို လက်နဲ့ အသာတို့လိုက်၊ နှုတ်ခမ်းပေါ် အသာစွတ်လိုက် အခါခါ လုပ်မိပါတယ်။ တစ်ခါတစ်ခါ နှုတ်ခမ်းကွဲအနာနဲ့ ထိလိုက်တဲ့အခါ စပ်သလိုလို ဘာလိုလို။

ပဉ္စမနေ့ – သတိရလို့ မျက်စိဖွင့်ကြည့်လိုက်တော့ အခန်းထဲမှာ

mgyoe.com

mgyoe.com


ကျွန်တော်တစ်ယောက်တည်း။

ညနေစောင်းတော့ တံခါးလာဖွင့်၊ အခန်းပြောင်းမယ်တဲ့။ သူ ဆွဲခေါ်ရာ နောက်ကို ဒယိမ်းဒယိုင် ပါသွားပါတယ်။ ကျွန်တော့်ကို အခန်း ၂ ကနေ အခန်း ၉ ကို ရွှေ့လိုက်ဖို့ အမိန့်ရတယ်တဲ့။

အခန်း ၉ တံခါးကို ဖွင့်လိုက်တော့ သွေးညှီနံ့တွေ နံနေတယ်။ နံရံမှာ သွေးတွေ အဖတ်လိုက်ကပ်နေတာ တွေ့ရတယ်။ အခန်းထောင့်မှာတော့ လူလိုလို၊ တစ္ဆေလိုလို သတ္တဝါတစ်ကောင်။ ထောင်ဝါဒါက အခန်းတံခါးပိတ်ပြီး ထွက်သွားပြီ။ အဲဒီသတ္တဝါက တဖြည်းဖြည်း လူပ်လာလာတယ်။ သူ့ခေါင်းက ဆံပင်ရှည်မှာ သွေးတွေနဲ့ ကပ်နေပါတယ်။ သူ့ခေါင်းက လူတစ်ယောက်ခေါင်းထက် နှစ်ဆလောက် ကြီးနေတယ်။ နဖူးက ဖုကြီးက မျက်စိကို ဖုံးနေတယ်။ မျက်လုံးတွေက ခေါင်းထဲကို ချိုင့်ဝင်နေတယ်။ သူက ဘယ်သူလဲလို့ မပီကလာ အသံဝါးဝါးနဲ့ မေးလိုက်တဲ့အခါ ပါးစပ်က သွေးတွေ ပွက်ခနဲ ထွက်ကျလာပါတယ်။

ကျွန်တော် သူ့အနား အရဲစွန့်ပြီး ကပ်သွားပါတယ်။

"မင်းဘယ်သူလဲ"လို့ ကျွန်တော်က ခပ်တိုးတိုးမေးပါတယ်။

"ငါ သန်းလင်းပါ"

"အာအိုင်တီက သန်းလင်းလား"

"အေး"

"ငါ ဇေယျကြီးပါ"

သူ ကျွန်တော့်လက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ထားရင်း

"ကဗျာကလေးတစ်ပုဒ်ပါကွာ" တဲ့။

ဒီအဖြစ်အပျက်ကလေးဟာ နှစ်ပေါင်းလေးဆယ် ကျော်ခဲ့ပါပြီ။ ခုတော့ ကမ္ဘာကြီးတစ်ခုလုံးမှာ၊ မြန်မာပြည် တစ်နံတစ်လျားမှာ ကဗျာဆရာတွေ စုကြ ဝေးကြ၊ ကဗျာတွေရွတ်ကြ၊ ကဗျာကို အမိပ္ပာယ်တွေဖွင့်ကြ။ ဘယ်သူတွေ ဘာပြောပြော သူငယ်ချင်းပြောတဲ့ ကဗျာကလေးကိုတော့ ကျွန်တော် အဓိပ္ပာယ် မဖွင့်ရက်နိုင်ပါ။

၂၁-၃-၂၀၁၇

✦

mgyoe.com

mgyoe.com




## ဘာသာမပြန်နိုင်သော ဝေဒနာများ

> စစ်ကြောရေးနဲ့ ရင်ဆိုင်နေရတဲ့အချိန်
> ကျွန်တော့်ကို ဖမ်းဆီးနှိပ်စက်နေတာကို Torture လို့
> ဘာသာပြန်ရင်ကောင်းမလား
> Ill-treat လို့ ဘာသာပြန်ရင်ကောင်းမလား၊
> Persecute လို့ဘာသာပြန်ရင်ကောင်းမလားလို့
> စဉ်းစားနေမိပါသေးတယ်။

၂၀၁၀ ဧပြီလ သင်္ကြန်အတက်နေ့ ညနေ ကန်တော်ကြီးဗုံးပေါက်ကွဲမှုကို DVB အတွက် သတင်းသွားယူခဲ့တာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့သားအဖ နှစ်ယောက်ကို ရဲထောက်လှမ်းရေးက ဖမ်းဆီးခဲ့ပြီး အင်မတန် မြင့်မားခဲ့သွားတဲ့ ကိုလိုနီဆောက်အအုံကြီးရဲ့ အပေါ် ဆုံးထပ်မှာ လျှို့ဝှက်အစစ်ဆေးခံခဲ့ရပါတယ်။ လူမသိ သူမသိ၊ နေ့မအိပ် ညမအိပ် အစစ်ခံနေခဲ့ရတာပါ။

ပူပြင်းလှတဲ့ နွေရာသီမှာ အပူလှိုင်းဖြတ်ချိန်နဲ့ ကြုံကြိုက်နေတာမို့

mgyoe.com

mgyoe.com


ကျွန်တော့်ခန္ဓာကိုယ်ဟာ မီးကင်ထားသလို အသားတွေ ကျက်ကျက်ပူနေပါတယ်။

စစ်ကြောရေးရဲအရာရှိက ကျွန်တော့် နောက်ခံအကြောင်းကိုမေးရင်း ကျွန်တော့်အဖေအကြောင်းကို ရောက်သွားပါတယ်။ ကျွန်တော်ဟာ အိပ်မက်ထဲ လမ်းလျှောက်နေသလို၊ ကွယ်လွန်သွားတဲ့ ကျွန်တော့်အဖေကိုယ်တိုင် ကျွန်တော့်နားမှာ ထိုင်နေသလို။ အာရုံတွေ ဝါးနေပါတယ်။

တစ်ဖက်ခန်းက ကျွန်တော့်သားရဲ့ မချိမဆံ့ ခံစားနေရတဲ့ အော်သံကို ကြားနေရပါတယ်။

"ကျွန်တော် အခုဘယ်ရောက်နေတာလဲ"

ကျွန်တော့်ကို စစ်မေးတဲ့ ရဲအရာရှိကို ချည့်နဲ့နေတဲ့ လေသံနဲ့ မေးမိပါတယ်။

ကျွန်တော့်ကို စစ်ဆေးတဲ့ ရဲအရာရှိကလေးဟာ ဘေးဘီကို မျက်လုံးတောင်းမှောက်ကြည့်ရင်း

"ဘားလမ်းက . . ."

သူ့အသံက တိုးလွန်းနေတာကြောင့် ကျွန်တော် ကောင်းကောင်း မကြားလိုက်ပါ။

ဘားလမ်းဆိုတာလောက်ကိုပဲ မသဲမကွဲ ကြားလိုက်ရပါတယ်။

ကျွန်တော် နောက်တစ်ကြိမ် ထပ်မေးဖို့ ကြိုးစားနေတုန်းမှာပဲ ကျွန်တော့်နောက်ကျောက တံခါးဖွင့်သံ ကြားလိုက်ရပြီး ရဲအရှိလေးဟာ ရုတ်တရက် အမူအရာပြောင်းကာ ဝုန်းခနဲ စားပွဲကို လက်သီးနဲ့ ထုလိုက်ပြီး မတ်တတ်ထရပ်လိုက်ပါတယ်။

"ခင်ဗျားအဖေအကြောင်း မေးနေတာ"

သူ့အသံက ကျားဟိန်းသလို ဟိန်းထွက်လာပါတယ်။ ကျွန်တော့်မှာ ထိတ်လန့်စရာ အင်အားလည်းမရှိတော့သလို ပြန်လည်တုံ့ပြန်ဖို့ ခွန်အားလည်း မရှိပါ။

ဪ သူတို့ နောက်တစ်ယောက် ဂျူတီချိန်းပြီကိုးဆိုတဲ့ အသိကလေးပဲ သိလိုက်မိပါတယ်။

စစ်ဆေးတဲ့သူတွေ တစ်ယောက်ပြီးတစ်ယောက်၊ ရက်တွေကလည်း

mgyoe.com

mgyoe.com


တစ်ရက်ပြီးတစ်ရက်၊ နေ့ ညတွေကလည်း တစ်နေ့ပြီးတစ်နေ့၊ တစ်ညပြီး တစ်ည။ နေ့လား ညလား ခွဲခြားမသိနိုင်တော့။

**ဘားလမ်း ဘားလမ်း ဘားလမ်း**

**ဒီစကားလုံးကိုစိတ်ထဲမှာ ကြားဖူးသလိုလို။**

× × ×

မင်းအဖေနဲ့ လိုက်ချင်ရင် ဟိုဆိုင်မှာ ရေးထားတဲ့ စာလုံးကိုပေါင်းပြ၊ ဖေဖေ့ဆရာလည်းဖြစ်၊ မိတ်ဆွေရင်းချာလည်းဖြစ်တဲ့ မုံရွာသား စာရေးဆရာ ဦးဘဝင်းက မျက်မှန်ထူကြီးပင့်၊ သူ့ငွေသွားတွေပေါ်အောင် ပြုံးရင်း ကျွန်တော့်ကို စိန်ခေါ်လိုက်ပါတယ်။

ကျွန်တော်ကလည်း LKG (မူကြို)တက်ခါစ၊ အေဘီစီ သင်ခါစ။ ဒါပေမဲ့ စာလုံးပေါင်းတော့ မဖတ်တတ်သေး။

"ဘီ အေ အာရ် ဘီအေအာရ်"

အက္ခရာတစ်လုံးချင်း ဖတ်နိုင်ပေမဲ့ စာလုံးပေါင်းတော့ မဖတ်နိုင်သေးပါ။

"ဘီအေအာရ် ဘာအသံထွက်လဲ"

"ဘီအေအာရ် ဘီအေအာရ် အင်း ဖေဖေသောက်တဲ့ အရက်ဆိုင်"

ကျွန်တော်က စာလုံးမပေါင်းတတ်ပေမဲ့ ချက်ချင်း ဘာသာပြန်လိုက်ပါတယ်။

ဆရာဦးဘဝင်းက တဟားဟားရယ်ရင်း

"မင်း ဘာသာပြန် တော်တော်တော်တာပဲကွ ရော့ ၁၀ ပြား"

ကျွန်တော့်ဘဝမှာ ပထမဆုံးနဲ့ ဘာသာပြန်ခ ၁၀ ပြားကို ဝမ်းသာအားရ ဆုပ်ရင်း တရုတ်မုန့် ၁၀ ပြားတန် ပြေးဝယ်ပါတော့တယ်။

ကျွန်တော်အရွယ်ရောက်လို့ အင်္ဂလိပ်–မြန်မာအဘိဓာန်ကို ကြည့်မိတိုင်း Bar ဆိုတဲ့ စကားလုံးကလေးကို မကြာခဏ မျက်စိရောက်သွားလေ့ ရှိပါတယ်။

Bar ပျော်ပွဲစားရုံ၊ ဟိုတယ်

Bar code ကွန်ပျူတာဖြင့်ဖတ်ရသည့် ရောင်းကုန်ပေါ်က အစင်း

mgyoe.com

mgyoe.com


အမှတ်အသား

Bar council ရှေ့နေများကောင်စီ

Coffee bar ကော်ဖီရနိုင်သောနေရာ

Beer bar ဘီယာရနိုင်သောနေရာ

Behind bar ထောင်ထဲမှာ

Gold bar ရွှေချောင်း

Bar ဝတ်လုံတော်ရ၊ ရှေ့နေ

Bar စည်းဝါးကန့်သတ်ချက်ကို ပြသောမျဉ်း

စသည်ဖြင့် ဘားနဲ့ ပတ်သက်တဲ့ ဝေါဟာရတွေ၊ အသုံးအနှုန်းတွေကို ခရီးသွားဟန်လွှဲ လေ့လာမိပါတယ်။

ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝ ဉာဏ်ပေါ်(မင်းလူ)၊ မျိုးရာဇာညွန့်တို့ရှိရာ ကျွန်တော်တို့ အမြဲထိုင်တဲ့ ဘားလမ်းမှတ်ဆိတ် လက်ဖက်ရည်ဆိုင် ရောက်တိုင်းလည်း Bar ဆိုတဲ့ စကားလုံးကို သတိတရရှိလှပါတယ်။

ဘာလမ်းကို ဘာကြောင့် ဘားလမ်းလို့ခေါ်တာလဲ။ ပျော်ပွဲစားရုံတွေ အများကြီးရှိလို့လား၊ နာမည်ကြီး ဘားလမ်းအချုပ်ရှိလို့လား၊ ရှေ့နေတွေ စုဝေးရာ နေရာဖြစ်လို့လား၊ ဒါမှမဟုတ် တရားရုံးကို အစွဲပြုလို့လား။ ဖြစ်နိုင်ခြေ အများဆုံးကတော့ တရားရုံးရှိတဲ့လမ်းမို့ Bar street ဘားလမ်းလို့ခေါ်တာဖြစ်မယ်လို့ ကိုယ့်ဘာသာကိုယ် မှန်းဆအတည်ပြုလိုက်ပါတယ်။ ကျွန်တော့်အတွေးက ဟိုရောက်ဒီရောက်မို့ ဘယ်သူ့ကိုမှ မမေးမိပါဘူး။

ခုလို ကမ်းနားလမ်းနဲ့ ဘားလမ်းဆုံရာမှာရှိတဲ့ ခံ့ညားထည်ဝါတဲ့ ကိုလိုနီအဆောက်အအုံအပေါ်ဆုံးထပ်မှာ လူမသိသူမသိ စစ်ကြောခံနေချိန်မှာတော့ ဒီအတွေးတွေ ဝင်လာတာပါ။ နောက်မှ သူများပြောလို့ သိရတာက အဲဒီအဆောက်အအုံဟာ ကိုလိုနီခေတ် ပုလိပ်ရုံးကြီးတဲ့။

စစ်ကြောရေးမှာ

"မင်းနဲ့ ဆရာဦးဝင်းတင် ဘယ်တုန်းကသိတာလဲ"

"ဘာကြောင့် သူနဲ့ တွေ့ရတာလဲ"

ကျွန်တော့်အဖေရဲ့ မိတ်ဆွေ ဆရာဦးဝင်းတင် အကြောင်းကို အစိက

mgyoe.com

mgyoe.com


ထားမေးတဲ့အခါ ကွယ်လွန်သွားတဲ့ ကျွန်တော့်အဖေကို သတိရမိပါတယ်။ ကျွန်တော် ၈ တန်းကျောင်းသားဘဝ နွေရာသီကျောင်းပိတ်ရက်မှာ ထုံးစံအတိုင်း မိသားစုနဲ့အတူ ခရီးထွက်ပါတယ်။ အဲဒီနှစ်က မော်လမြိုင်၊ မြိတ်၊ ထားဝယ်ဘက်ကို ခရီးထွက်ကြပါတယ်။ အောင်ဇေယျသင်္ဘောနဲ့ ခရီးသွားရမှာမို့ အတော်ကလေး ပျော်မိပါတယ်။ ရန်ကုန် ကျုန်းမာရေး ဆိပ်ကမ်းမှာ သင်္ဘောဆိုက်ထားတုန်း အခြားစက်လှေကြီးတွေလည်း အဲဒီဆိပ်ကမ်းမှာ ဆိုက်ထားတာ တွေ့ရပါတယ်။

ကျွန်တော်တို့သင်္ဘောနဲ့ မလှမ်းမကမ်းမှာ ရပ်ထားတဲ့ သစ်သားကိုယ်ထည် စက်လှေကြီးတစ်စီးမှာ OCEAN QUEEN ဆိုတဲ့ နာမည် ရေးထိုးထားပါတယ်။

အဲဒီသစ်သားစက်လှေကြီးကို ငေးကြည့်နေတုန်း ဖေဖေက

"မင်း အဲဒီနာမည် ဖတ်ပြစမ်း"

လို့ ခိုင်းပါတယ်။

ကျွန်တော်က မဆိုင်းမတွပဲ 'အိုးရှင်းကွင်း'လို့ အသံထွက်ဖတ်လိုက်ပါတယ်။

"ဘာသာပြန်စမ်းကွာ"

ဖေဖေက နောက်တစ်ဆင့်တက် စိန်ခေါ်ပါတယ်။

"အိုးရှင်းက သမုဒ္ဒရာ၊ ကွင်းကဘုရင်မ၊ အဲဒီတော့ သမုဒ္ဒရာဘုရင်မပေါ့"လို့ ခပ်သွက်သွက် ဘာသာပြန်လိုက်ပါတယ်။

ဖေဖေက ကျွန်တော့်ခေါင်းကို မနာအောင် တစ်ချက်ထုလိုက်ပြီး

"အဏ္ဏဝါဒေဝီလို့ ပြန်ရတယ်ကွ"တဲ့။

ဪ ဘာသာပြန်ဆိုတာ ဒီလိုပါလား။ ပါဠိဘာသာနဲ့ ပြန်ရင် ပိုခံ့ညားတတ်ပါလားဆိုတဲ့ အသိလေး ရလိုက်ပါတယ်။

နောက်ပိုင်း ကျွန်တော်ကြီးပြင်းလာတဲ့အခါ လမ်းမှာတွေ့တဲ့ ဆိုင်းဘုတ်တွေ၊ နာမည်တွေကိုငေးရင်း မြန်မာဘာသာနဲ့တွေ့လျှင် အင်္ဂလိပ်လို ပြန်ကြည့်လိုက်၊ အင်္ဂလိပ်လိုတွေ့လျှင် မြန်မာဘာသာနဲ့ ပြန်ကြည့်လိုက်နဲ့ မြင်မြင်သမျှ ဆိုင်းဘုတ်တွေ၊ စာတန်းတွေ အားလုံးကို ဘာသာပြန်တမ်း ကစားနေမိပါတယ်။

mgyoe.com

mgyoe.com


စစ်ကြောရေးနဲ့ ရင်ဆိုင်နေရတဲ့ အဲဒီလိုအချိန်မှာတောင် ကျွန်တော့်ကို ဖမ်းဆီးနှိပ်စက်နေတာကို Torture လို့ ဘာသာပြန်ရင်ကောင်းမလား Ill-treat လို့ ဘာသာပြန်ရင်ကောင်းမလား၊ Persecute လို့ ဘာသာပြန်ရင်ကောင်းမလားလို့ စဉ်းစားနေမိပါသေးတယ်။


ဒါပေမဲ့ အဲဒီတုန်းက သူတို့ ပြုမူဆက်ဆံပုံနဲ့ ကျွန်တော် ခံစားရတဲ့ ဝေဒနာကို မြန်မာဝေါဟာရနဲ့တောင် ရေရေရာရာ မဖော်ပြနိုင်တာမို့ အင်္ဂလိပ်လို ဘာသာပြန်ဖို့ဆိုတာ ဝေလာဝေးခဲ့ပါတယ်။

(၁၇-၄-၂၀၁၇)

✦

mgyoe.com

mgyoe.com



## တကယ်ပြောတာပါ

ဘာမှန်းမသိတဲ့ သရော်စာကိုရေးမိရင်
ဘာမှန်းမသိတဲ့ ပုဒ်မတွေနဲ့ အရေးယူနိုင်တယ် ဆိုပြန်တော့
ဘာမှန်းမသိ ကြောက်နေမိပြန်ပါတယ်။

ကျွန်တော်နဲ့ ရေးဖော်ရေးဖက်တွေက ခင်ဗျားရေးတဲ့ သရော်စာတွေက ဖတ်လို့ကောင်းတယ်လို့ ချီးမွမ်းကြပါတယ်။ သရော်စာဆိုတာ ဘာမှန်း မသိပေမဲ့ သူတို့က ချီးမွမ်းစကားဆိုလာတော့ သူတို့ကို ပြုံးပြုံးကြီး ကြည့်ရင်း ခင်ဗျားတို့ ချီးမွမ်းစကားဆိုရလောက်အောင် ကျွန်တော်ကလည်း တော်နေ တာကိုးလို့ စိတ်ထဲက ပြောလိုက်မိပါတယ်။

သရော်စာဆိုတာ တော်ရုံတန်ရုံ တော်ရုံနဲ့ မရေးနိုင်ဘူးလို့ တချို့က မှတ်ချက်တွေပေးတော့ "အင်း ငါဟာ တော်တော်တော်တဲ့ကောင်ပါလား" လို့ ကိုယ့်ကိုယ်ကိုယ် ထောမနာ ပြုမိပြန်ပါတယ်။

ဒါတင်မကသေးပါဘူး "သရော်စာရေးတာဟာ လွတ်လပ်ခွင့်ရှိပါ တယ်။ ခင်ဗျားအမြင်ကတတ်တဲ့သူကို ဆော်ချင်ရင် ဆော်လို့ရတယ်ဗျ။ ဘယ် သူမှ ခင်ဗျားကို ဖွဲ့မယူဘူး။ အရူးလက်မှတ် ရထားသလိုပေါ့ဗျာ"လို့ ပြော ကြပါသေးတယ်။

mgyoe.com

mgyoe.com


တယ်ကောင်းတဲ့ အခွင့်အရေးကြီးပါလား။ ကိုယ့်ကို အရက်မတိုက်တဲ့ ကောင်တွေအကြောင်း မကောင်းရေးမယ်။ အကြွေးလာတောင်းတဲ့ အကောင်တွေကို အတင်းတုတ်မယ်။ ကိုယ် ရုံးမှာ ကြိုးစားပန်းစား အိပ်နေတာကို အပြစ်ရှာတဲ့ အထက်လူကြီးကို ဆော်မယ်။ ကိုယ့်ကို ဘီယာကလေး တစ်ပုလင်းတောင် အလိုက်မသိတဲ့ တပည့်တွေကို နှိပ်ကွပ်တဲ့စာတွေ ရေးမယ်။ ဒါတင်ဘယ်ကမလဲ ဒီခေတ်မှာ လက်မှတ်ကလေးတစ်ခုရဖို့ ပိုက်ဆံတွေ အကုန်ခံ၊ သင်တန်းတက်စရာမလိုဘဲ လက်မှတ်ကလေးလည်း ရဦးမယ်။ အရူးလက်မှတ် (ဝါ) အရူးစာတစ်ဖီကိတ် (Certificate ) ဆိုတော့ အလုပ်လျှောက်ရင် ဘယ်ဌာနမှာမဆို ထိပ်တန်းအရာရှိ တစ်နေရာ ရမှာတော့ သေချာမယ် ထင်ပါတယ်။

ဒါပေမဲ့ တကယ့်လက်တွေ့မှာ အသရေဖျက်မှုနဲ့ ရင်ဆိုင်တွေ့ရသလို ဖဖ (ဃ) နဲ့လည်း ငြိနိုင်တယ်လို့ ပြဿနာနဲ့ အသက်မွေးကြတဲ့ ရှေ့နေတွေက ဆိုကြပြန်ပါတယ်။

ဘာမှန်းမသိတဲ့ သရော်စာကို ရေးမိရင် ဘာမှန်းမသိတဲ့ ပုဒ်မတွေနဲ့ အရေးယူနိုင်တယ် ဆိုပြန်တော့ ဘာမှန်းမသိ ကြောက်နေမိပြန်ပါတယ်။ ကျွန်တော်က ဘယ်သူ့ကိုမှ မကြောက်ဘူးလို့ ကြွေးကြော်ထားပေမဲ့ ပုဒ်မ ဖဖ(ဃ)နဲ့ အိမ်ကမိန်းမကိုတော့ ဘာကြောင့် ကြောက်မှန်းမသိ ကြောက်ပါတယ်။

ကျွန်တော်တို့က စာရေးပြီး ထမင်းစားရသူတွေမို့ ကလောင်ချော်သွားရင် အချိန်မရွေး ထောင်နန်းစံရနိုင်ပါတယ်။ အလိုက်မသိ ရှေ့နောက်မကြည့် ပြောတတ်တဲ့ စရိုက်ကောင်းကလေးတွေကလည်း မွေးရာပါမို့ မကြာခဏ ဒုက္ခရောက်ရတာကလည်း အကြိမ်မနည်းတော့ဘူးလေ။

မှတ်မိပါသေးတယ်။ မိတ်ဆွေသူငယ်ချင်းတစ်ယောက်က ထိပ်တန်းအရာရှိကြီးဟောင်းနဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးတော့ ကျွန်တော်က အားရဝမ်းသာနဲ့ "လူကြီးမင်းနဲ့ ခုလိုတွေ့ရတာ ဝမ်းသာလိုက်တာဗျာ" လို့ စိတ်ထဲကရှိတဲ့အတိုင်း ပြောမိပါတယ်။ အဲဒီအခါ အရာရှိဟောင်းက မျက်နှာပုပ်သိုးပြီး ချက်ချင်း ချာခနဲ လှည့်သွားပါတယ်။

ကျွန်တော့်သူငယ်ချင်းကလည်း "မင်းကတော့ လုပ်ချလိုက်ပြန်ပြီ။

mgyoe.com

mgyoe.com


ဒီလိုအချိန် ဒီလိုနေရာမျိုးမှာ ဒီစကားမျိုး ပြောရသလား"တဲ့။

ကျွန်တော်တို့ တွေ့တဲ့နေရာက အင်းစိန်ထောင်မှာပါ။ အရာရှိဟောင်းက လာဘ်စားမှုနဲ့ အစိုးရပစ္စည်းဘုံးတဲ့နေရာမှာ နာမည်ကြီးသူတစ်ယောက်ပါ။ အခုလို နာမည်ကြီး အရာရှိကြီးနဲ့ တွေ့လိုက်ရတော့ ရုတ်တရက် အပြင်မှာ တွေ့သလိုပဲ အပြင်မှာပြောသလိုပဲ ပြောလိုက်မိတာပါ။ အင်း နေရာကိုက မကောင်းတဲ့နေရာရောက်နေတော့ ကျွန်တော့်ရဲ့ ကောင်းတဲ့စကားတွေလည်း မကောင်းဖြစ်ရတာပေါ့ဗျာ။

ကျွန်တော့်ထက် အဖြစ်ဆိုးတဲ့ မိတ်ဆွေတစ်ယောက်လည်း ရှိပါသေးတယ်။ သူက အချိန်ကောင်းမှာ နေရာကောင်းရောက်နေပေမဲ့ ရှေ့နောက်မကြည့်မိလို့ ဒုက္ခရောက်ရတဲ့အကြောင်းလေး ဖောက်သည်ချချင်ပါသေးတယ်။

ဒီလိုပါဗျာ ထိပ်တန်းအရာရှိကြီးတွေသာ တက်ခွင့်ရတဲ့ မင်းခမ်းမင်းနားတစ်ခုကို ကျွန်တော့်မိတ်ဆွေက နေမကောင်းတဲ့ကြားက ကြိုးစားပန်းစား တက်ရောက်ခဲ့ပါတယ်။ သူ နေမကောင်းတာကို သိနေတဲ့ ရင်းနှီးတဲ့ မိတ်ဆွေက

"အခြေအနေဘယ်လိုလဲ"လို့ မေးပါတယ်။

သူက "ကျန်းမာရေးမကောင်းဘူးဗျာ" လို့ပြောပါတယ်။

သူ့မိတ်ဆွေက "သတိထားပေါ့ဗျာ"လို့ သတိပေးပါတယ်။

သူက "သတိထားလည်း မထူးပါဘူးဗျာ။ ကျန်းမာရေးက ခုလည်း မကောင်းဘူး၊ အရင်တုန်းကလည်းမကောင်းဘူး၊ နောက်လည်းကောင်းမှာ မဟုတ်ဘူး" လို့ ပြောပါတယ်။

သူ့မိတ်ဆွေက သူ့ကို လူရှင်းတဲ့နေရာကို အတင်းဆွဲခေါ်သွားပြီး "ခင်ဗျားနေမကောင်းရင် နေမကောင်းဘူးလို့ ပြောပေါ့ဗျာ။ ခုတော့ ကျန်းမာရေးမကောင်းဘူး၊ ကျန်းမာရေးမကောင်းဘူးလို့ ပြောနေတော့ ခင်ဗျားနားက ကျန်းမာရေးဝန်ကြီး မျက်နှာပျက်နေပြီဗျ" တဲ့။

အဲဒါကြောင့်ပြောတာပေါ့ ကိုယ်က ကိုယ့်အကြောင်းကို ရိုးရိုးပြောမိတာ။ ရှေ့နောက်မကြည့်မိတော့ မျက်နှာပူစရာ ဖြစ်ရတာပေါ့။

တစ်ခါတုန်းကလည်း ကျွန်တော်က ဘာမှားမှန်းမသိဘဲ အမှားတစ်ခု

mgyoe.com

mgyoe.com


လုပ်မိသလို ခံစားရတဲ့ အဖြစ်အပျက်ကလေးတစ်ခု ရှိပါသေးတယ်။

တစ်နေ့ ကျွန်တော် တရားရုံးတစ်ခုမှာ ရှေ့နေတစ်ယောက်ဆီက သတင်းနဲ့ပတ်သက်တဲ့ အင်တာဗျူးတစ်ခုယူဖို့ စောင့်နေရင်း ထမင်းစားချိန် ရောက်သွားပါတယ်။

ကံကောင်းတာလား ကံဆိုးတာလား မသိပါဘူး။ အဲဒီတရားရုံးမှာ အဲဒီနေ့က တာဝန်ကျနေတဲ့ တရားသူကြီးက ကျွန်တော်နဲ့ တက္ကသိုလ်မှာ ကတည်းက သိခဲ့တဲ့ သိဟောင်းကျွမ်းဟောင်း ဖြစ်နေပါတယ်။ သူ အခန်းထဲကနေ အခြံအရံတွေနဲ့ ထွက်လာတာမြင်တော့ ကျွန်တော်က ထမင်းအတူစား၊ လက်ဖက်ရည်သောက်ရအောင် အဖော်ရပြီဆိုပြီး အားရဝမ်းသာ နှုတ်ဆက်ပါတယ်။

"ခင်ဗျား စားပြီးပြီလား" လို့ စေတနာနဲ့ မေးမိပါတယ်။

ကျွန်တော့်သိကျွမ်းဟောင်း မိတ်ဆွေက ပြုံးနေရာက ချက်ချင်း မျက်နှာမဲ့ပြီး ချာခနဲ နောက်ပြန်လှည့်သွားပါလေရော။ ကျွန်တော် ဘာများမှားသွားပါသလဲခင်ဗျာ။ အခုထက်ထိ ကျွန်တော် ဘာမှားသွားမှန်း မသိသေးပါ မိတ်ဆွေဟောင်း တရားသူကြီးကို "စားပြီးပြီလား"လို့ မေးမိတာ မှားသလား ဗျာ။ စေတနာနဲ့မေးမိတာပါ။

ပြောသူကလည်း သူ့စိတ်အခံနဲ့သူ ပြောလိုက်တာပါ။ ဒါပေမဲ့ နားထောင်သူက သူ့အခံနဲ့သူ နားလည်သွားတတ်ပါတယ်။

အဲဒါကြောင့် ခုတလော ကျွန်တော် စကားပြောရင် သတိထားပြောပါ တယ်။ အမြဲလိုလို အကောင်းမြင်စိတ်နဲ့ ကောင်းတဲ့အကြောင်းတွေကိုပဲ ပြောပါတယ်။ ဥပမာ ရင်းနှီးတဲ့ မိန်းကလေးတွေကိုတွေ့တိုင်း သူတို့ကို လှကြောင်းပကြောင်း အမြဲလိုလို ပြောပါတယ်။ သူတို့ကလည်း ကျေနပ်တဲ့ အပြုံးတွေနဲ့ တုံ့ပြန်တတ်ပါတယ်။ ဒါပေမဲ့ အဲဒီအပြုံးဟာ တာရှည်မခံ ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က မျက်စိမှုန်တဲ့အကြောင်း ဆက် ပြောမိလို့ပါပဲ။ သူတို့ကို နောက်ပြောင်တယ်၊ သရော်တယ်လို့ ထင်သွား လို့ပါ။ အဲဒါကြောင့် နောက်ပိုင်း ကျွန်တော် စကားကို အကုန်မပြောတော့ ပါဘူး။ အထူးသဖြင့် ကျွန်တော် မျက်စိမှုန်တာကို မပြောဘဲ နေလိုက်ပါ တယ်။

mgyoe.com

mgyoe.com


အခုလို ၆၆(ဃ) ပေါ်ပြူလာဖြစ်လာတဲ့အချိန် သရော်စာရဲ့ လွတ်လပ်မှုတွေ ကျဉ်းမြောင်းလာတဲ့အခါမှာ ကျွန်တော်ဟာ မဏ္ဍိုင်ကြီးငါးရပ် ကောင်းကြောင်းတွေ ရေးပါတယ်။ YBS အကြောင်း ရေးတဲ့အခါမှာလည်း အလွန်ကောင်းကြောင်းတွေ ရေးပါတယ်။ သူငယ်ချင်း လွှတ်တော်ကိုယ်စားလှယ်တွေအကြောင်း ရေးတဲ့အခါမှာလည်း တော်ကြောင်း ကောင်းကြောင်းတွေ ရေးပါတယ်။


ကျွန်တော် မျက်စိမှုန်တဲ့အကြောင်းတော့ ဆက်မရေးတော့ပါဘူး။ တကယ်ပြောတာပါ။

(၅-၅-၂၀၁၇)

✦

mgyoe.com

mgyoe.com




## သခင်ဗဟိန်းနဲ့ ကျွန်တော်တို့

သမိုင်းကို သမင်လည်ပြန်ကြည့်တာဟာ
အတိတ်မှာ နစ်မြုပ်နေဖို့ မဟုတ်ပါဘူး။
အတိတ်ရဲ့ အတွေ့အကြုံတွေ၊ သင်ခန်းစာတွေကို ရယူရင်း
အနာဂတ်ကို တည်ဆောက်ဖို့ ဖြစ်ပါတယ်။

သခင်ဗဟိန်းအကြောင်း ရုပ်သံမှတ်တမ်းငယ်တစ်ခုအတွက် ရိုက်ညွှန်း (Scrip) ရေးပေးဖို့ မြနန္ဒာစာပေက ကျွန်တော့်ကို အကူအညီတောင်းပါတယ်။ ကိုဗဟိန်းကို သမိုင်းစာအုပ်တွေထဲမှာ၊ ဆရာဒဂုန်တာရာရဲ့ ရုပ်ပုံလွှာထဲမှာ တစ်စွန်းတစ်စ ဖတ်မိပြီး နှစ်သက် စွဲလမ်း အားကျစိတ်တွေကြောင့် ဝမ်းသာအားရနဲ့ ချက်ချင်းပဲ လက်ခံလိုက်ပါတယ်။

ဒါပေမဲ့ ရေးမယ်လုပ်တော့ သခင်ဗဟိန်းအကြောင်း ကျွန်တော်သိတာ အလွန်နည်းနေတယ်ဆိုတာ သတိပြုမိပါတယ်။ အဲဒီတော့ မြနန္ဒာစာပေကိုပဲ ကျွန်တော်က ကိုဗဟိန်းနဲ့ ပတ်သက်တဲ့ အချက်အလက်တွေ၊ စာအုပ်စာတမ်း

mgyoe.com

mgyoe.com

တွေ ရှာပေးဖို့ ပြန်လည် အကူအညီတောင်းရပြန်ပါတယ်။

မြန်နန္ဒာစာပေပိုင်းတော်သားတွေက ကျွန်တော်လိုချင်တဲ့ စာအုပ်တွေ သာမကသူတို့ ပြုစုထားတဲ့ စာတမ်းနဲ့ ဓာတ်ပုံတွေ ၊ အချက်အလက်တွေ တစ်ပုံတစ်ပင်ကြီး ပေးပါတယ်။ ဒါ့အပြင် ဒီရုပ်သံမှတ်တမ်းကို တာဝန်ယူ ရိုက်ကူး တည်းဖြတ်ပေးမယ့် ကိုညဏ်ကြီးနဲ့ တွေ့ပေးပါတယ်။ ကိုညဏ်ကြီးက ကျွန်တော်နဲ့ လက်တွဲဖော်တစ်ယောက် ဖြစ်နေတာကြောင့် အထွေအထူး ညှိနှိုင်းစရာ မလိုပါဘူး။ သူနဲ့ကျွန်တော် လက်ပံတန်းသပိတ် ကျောင်းသား ရုပ်သံမှတ်တမ်းတွေကို တက်ညီလက်ညီနဲ့ အောင်အောင်မြင်မြင် လုပ်ခဲ့ဖူးတာကြောင့် အတွဲညီသူတစ်ဦးအဖြစ် ယုံကြည်နေပြီးသားပါ။ မြန်နန္ဒာစာပေက မိတ်ဆက်ပေးတဲ့ နောက်တစ်ယောက်က စန္ဒရားဦးသိမ်းမောင် ဖြစ်ပါတယ်။ ကျွန်တော် ပြောမပြနိုင်လောက်အောင် ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်တော် လေးစားအားကျရတဲ့ ဆရာကြီးမို့ပါ။ ဆရာဦးသိမ်းမောင်ကတစ်ဆင့် မြန်မာ့အသံ စန္ဒရားခွန်တင်မြ၊ အကယ်ဒမီလှဆန်းဦးတို့ကလည်း အသံနဲ့ ဝိုင်းဝန်းအားဖြည့်ပေးမယ်လို့ သိရပါတယ်။ ပံ့ပိုးမှုတွေ အားကောင်းနေတာကြောင့် တစ်ဖက်က အားတက်ရင်း အခြားတစ်ဖက်က စိုးရိမ်စိတ်နဲ့ စိတ်ဖိစီးမှုကလည်း တစ်ပါတည်း ကပ်ပါလာပါတယ်။ ကျွန်တော် တာဝန်ကျေနိုင်ပါ့မလား။ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားရပါမယ်။

သခင်ဗဟိန်းအကြောင်း ရသမျှ အချက်အလက် အကြောင်းအရာတွေကို ဖတ်မိ၊ လေ့လာမိတော့ ကျွန်တော် ငယ်ငယ်က လေးစားအားကျခင်မင်မှုတွေဟာ ပိုမိုခိုင်မာလာပါတယ်။

- ချမ်းသာကြွယ်ဝတဲ့ မိသားစုက မွေးဖွားလာတဲ့ ကိုဗဟိန်း
- ထူးချွန်ထက်မြက်တဲ့ ကျောင်းသား ကိုဗဟိန်း
- ဗမာနိုင်ငံ ကျောင်းသားသမဂ္ဂခေါင်းဆောင် ကိုဗဟိန်း
- တို့ဗမာ သခင်ဗဟိန်း
- ဖက်ဆစ်တော်လှန်ရေး ရဲခေါင်ပြောက်ကျား ရဲဘော်ဗဟိန်း
- ဗမာပြည်ကွန်မြူနစ်ပါတီကို ထူထောင်ခဲ့တဲ့ ကိုဗဟိန်း
- ပြည်သူ့အာဏာဂျာနယ် အယ်ဒီတာ ကိုဗဟိန်း
- မခင်ကြီးချစ်တဲ့ ကိုဗဟိန်း

mgyoe.com

mgyoe.com


- မြန်မာ့လွတ်လပ်ရေးအတွက် စိတ်အားထက်သန်တဲ့ လူငယ် ကိုဗဟိန်း
- နယ်ချဲ့ဗြိတိသျှတို့ရဲ့ ရန်သူနံပါတ် ၂ ကိုဗဟိန်း
- မြန်မာ့လွတ်လပ်ရေးအတွက် ညီညွတ်ရေးကို နေ့မအား ညမအား ကြိုးပမ်းခဲ့တဲ့ ကိုဗဟိန်း
- ဖဆပလက မြန်မာပြည်ကွန်မြူနစ်ပါတီကို ထုတ်ပယ်လိုက်လို့ ရင်ကွဲပက်လက် ဖြစ်ခဲ့ရတဲ့ ကိုဗဟိန်း
- ညီညွတ်ရေးမရှိတဲ့ လွတ်လပ်ရေးဟာ အဓိပ္ပာယ်မရှိလို့ ယုံကြည်တဲ့ ကိုဗဟိန်း

ကဗျာတစ်ပုဒ်လို လှပနူးညံ့သလောက် နက်နဲခိုင်ကျည်တဲ့ ရင်ခုန်သံတွေနဲ့ တည်ဆောက်ခဲ့တဲ့ သူ့ဘဝဟာ ရုပ်သံမှတ်တမ်းရေးနေတဲ့ ကျွန်တော့်နှလုံးသားထဲမှာ ကိန်းဝပ်ခဲ့ပါတယ်။

ကျွန်တော်တို့ အခုရင်ဆိုင်နေရတဲ့ ဒုတိယလွတ်လပ်ရေး တိုက်ပွဲကာလကို ဖြတ်သန်းရင်း ကိုဗဟိန်း ကျော်ဖြတ်ခဲ့ရတဲ့ ပထမလွတ်လပ်ရေးတိုက်ပွဲကာလကို သမင်လည်ပြန် ကြည့်မိပါတယ်။

သမိုင်းကို သမင်လည်ပြန်ကြည့်တာဟာ အတိတ်မှာ နစ်မြုပ်နေဖို့ မဟုတ်ပါဘူး။ အတိတ်ရဲ့ အတွေ့အကြုံတွေ၊ သင်ခန်းစာတွေကို ရယူရင်း အနာဂတ်ကို တည်ဆောက်ဖို့ ဖြစ်ပါတယ်။

အတွေးအခေါ်သစ်နဲ့ လမ်းသစ်ဖောက်တဲ့ ကိုဗဟိန်းနဲ့ တော်လှန်ရေးရဲဘော်တွေက ကိုလိုနီယန္တရားဟောင်းကြီးနဲ့ ရင်ဆိုင်တိုးခဲ့ကြသလို ကျွန်တော်တို့ခေတ်မှာ ဒီလူတွေနဲ့ ပြည်သူတွေဟာ စစ်ဗြူရိုကရေစီ လက်ဝါးကြီးအုပ် ဓနရှင်တွေရဲ့ ယန္တရားနဲ့ နှစ်ပါးသွားနေရပါတယ်။

ကျွန်တော် ဒီရုပ်သံမှတ်တမ်းကို အာရုံရောက်နေချိန်မှာပဲ တိုင်းပြည်ရဲ့ နား၊ မျက်စိဖြစ်တဲ့ မြန်မာ့မီဒီယာလောကဟာ ပုဒ်မအမျိုးမျိုးနဲ့ အဖိနှိပ်ခံနေရပါတယ်။ Voice ဂျာနယ်က ကိုကျော်မင်းဆွေက ၆၆(ဃ)၊ DVB သတင်းထောက် ကိုအေးနိုင်နဲ့ ပြည့်ဘုန်းအောင်၊ ဧရာဝတီ သတင်းဌာနက ကိုသိန်းဇော်ကို ပုဒ်မ ၁၇(၁)နဲ့ အရေးယူခံနေရပါတယ်။

ဒါဟာ စနစ်တစ်ခုကနေ စနစ်တစ်ခုကို ပြောင်းလဲရာမှာ မလွဲမသွေ ဖြတ်ကျော်ရမယ့် အတားအဆီးတစ်ခုပါ။ ဒီလိုအခြေအနေကို ကျွန်တော်တို့

mgyoe.com

mgyoe.com


သိမ်သိမ်မွေ့မွေ့ ညင်ညင်သာသာ ဘယ်လိုကျော်လွှားရမယ်ဆိုတာ ကျွန်တော်တို့အတွက် ကြီးမားတဲ့ စိန်ခေါ်မှုတစ်ခုဖြစ်တယ်လို့ ကျွန်တော် နားလည်လိုက်ပါတယ်။ ဒါဟာ သခင်ဗဟိန်းအကြောင်း ရုပ်သံမှတ်တမ်းရေးရင်း ကျွန်တော် စဉ်းစားမိလိုက်တာပါ။ တန်းတူညီမျှတဲ့ အခွင့်အရေးတွေနဲ့ ညီညွတ်ရေးတည်ဆောက်ရင်း ဒုတိယလွတ်လပ်ရေး တိုက်ပွဲအတွက် ရှေ့ကို တစ်လှမ်းချင်း တိုးနေရမှာပါ။

(၂၉–၆–၂၀၁၇)

✦

mgyoe.com

mgyoe.com




## သတင်းသမားများအတွက် ထောင်အဝင်လမ်းညွှန်

ထောင်ထဲဝင်နည်း၊ ထောင်ထဲမှာနေထိုင်နည်း စတဲ့
သတင်းထောက်များ တတ်အပ်သော အဋ္ဌာရသ ၁၈ ရပ်
ပညာတွေကို အများသိစေရန် မျှဝေလိုက်ပါတယ်။
စိတ်၏ချမ်းသာခြင်း ကိုယ်၏ချမ်းသာခြင်း ပြည့်စုံစွာဖြင့်
ခလုတ်မထိ ဆူးမငြိဘဲ ထောင်တွင်းသို့ ချောချောမောမော
ဝင်ရောက်နိုင်ပါစေ။

ကျွန်တော်တို့ သတင်းသမားတွေအတွက် Rights to information (သတင်းသိပိုင်ခွင့်) ဥပဒေအကြောင်း ရေးရင်ကောင်းမလား၊ သတင်းသမားများ ကျင့်ဝတ်အကြောင်း ရေးရင်ကောင်းမလား၊ သတင်းမီဒီယာဥပဒေအကြောင်း ရေးရင်ကောင်းမလား၊ Facebook safety for journalist အကြောင်း ရေးရင်ကောင်းမလား စဉ်းစားနေတုန်းမှာပဲ အပေါင်းအသင်းရောင်းရင်းတွေက ခင်ဗျား အရေးမပါတာတွေ လုပ်မနေနဲ့။ ကျင့်ဝတ်တွေ၊ ဥပဒေတွေ၊ သတင်း

mgyoe.com

mgyoe.com


သိပိုင်ခွင့်တွေ လုပ်မနေနဲ့။ အဲဒါတွေက လက်တွေ့မကျဘူး။ အခု ကျုပ်တို့ အရေးတကြီး လိုအပ်နေတာက ထောင်ထဲရောက်ရင် ဘယ်လိုနေရထိုင်ရ မယ်ဆိုတဲ့ လမ်းညွှန်က အရေးကြီးနေတယ်လို့ ဆိုပါတယ်။ ကဲ တတ် သည့်ပညာ မနေသာဆိုသလို ထောင်ထဲဝင်နည်း၊ ထောင်ထဲမှာနေထိုင်နည်း စတဲ့ သတင်းထောက်များ တတ်အပ်သော အဋ္ဌာရသ ၁၈ ရပ် ပညာတွေ ကို အများသိစေရန် မျှဝေလိုက်ပါတယ်။ စိတ်၏ချမ်းသာခြင်း ကိုယ်၏ ချမ်းသာခြင်း ပြည့်စုံစွာဖြင့် ခလုတ်မထိ ဆူးမငြိဘဲ ထောင်တွင်းသို့ ချောချော မောမော ဝင်ရောက်နိုင်ပါစေ။

## ထောင်အဝင်လမ်းညွှန်

၁။ သင် ထောင်ဘူးဝရောက်လို့ အချုပ်ကားရပ်လိုက်ပြီဆိုလျှင် သင့်ကို အသင့်စောင့်ကြိုနေတဲ့ ထောင်အမှုထမ်း လေးငါးဆယ်ယောက်က သင့်ကို တန်းစီ စောင့်ကြိုနေတာကို တွေ့ရပါမယ်။ အဲဒီအမှုထမ်း တွေဟာ သင့်ကို ပန်းစည်းဆက်ဖို့ စောင့်နေတဲ့ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်တွေကိုတွေ့သလို ပြုံးပြဖို့ လိုပါတယ်။ သင့်ကိုယ်သင် လည်း VIP ပုဂ္ဂိုလ်ကြီးလို သဘောထားပြီး ရင်ကိုကော့ ခေါင်းကို မော့ပြီး ထောင်ဘူးတံခါးထဲကို ရာဇက္ကန္ဓြေဖြင့် ဝင်လိုက်ပါ (သတိ ထားရမည်မှာ ခေါင်းမော့ထားတဲ့အတွက် ထောင်ဘူးဝတံခါးအဝင် ဒူးဆစ်လောက်မြင့်တဲ့ အတားတစ်ခုကို သင် သတိမပြုမိမှာ စိုးရ ပါတယ်။ အဲဒါကို သတိထားရမှာ ဖြစ်ပါတယ်။ ခလုတ်တိုက်မိရင် သင့်ရာဇက္ကန္ဓြေ ပျက်သွားနိုင်ပါတယ်။

၂။ ဘူးဝထဲရောက်ရင် သင့်ရဲ့ကိုယ်ရံတော် ရဲအစောင့်တွေက သင့်ကို ထောင်အာဏာပိုင်တွေထံ အပ်နှံပါလိမ့်မယ်။ သင် ကိုယ်ရေးအကျဉ်း ပုံစံ ဖြည့်ရပါမယ်။ နိုင်ငံခြားလေကြောင်းခရီးစဉ်မှာ ပုံစံဖြည့် သလောက် မခက်ပါဘူး။ စိုးရိမ်စရာမရှိပါ။ သင် ပုံစံမဖြည့်နိုင်ရင် သူတို့ ဝိုင်းဝန်းကူညီ ဖြည့်ပေးကြမှာပါ။ လေကြောင်းခရီးသွားတဲ့အခါ လေယာဉ်မမီမှာ ကြိုစိုးရိမ်သလိုမျိုး စိုးရိမ်စရာမလိုပါ။ သင် ဘယ် အချိန်ရောက်ရောက် ပုံစံဖြည့်တာ ဘယ်လောက်ကြာကြာ အရေး

mgyoe.com

မကြီးပါဘူး။ သင့်ကို ထောင်ထဲရောက်တဲ့အထိ ဝန်ဆောင်မှု အပြည့် ပေးမှာ ဖြစ်ပါတယ်။

၃။ ပုံစံဖြည့်ပြီးရင် သင့်ကိုယ်ကို တစ်ကိုယ်လုံးရှာမှာ ဖြစ်ပါတယ်။ ဟိုစမ်း ဒီစမ်းမို့ ယားတတ်ရင် အနေခက်ပါလိမ့်မယ်။ အဆိုးဆုံးက သင့် စအိုကို လက်နဲ့ ထိုးနှိုက်မွှေပြီးရှာတာ ဖြစ်ပါတယ်။ စအိုထဲ ပိုက်ဆံပါ မပါ ရှာတာဖြစ်ပါတယ်။ အဲဒါကိုကျော်ဖြတ်ဖို့ မနက်ကတည်းက ပဲဟင်းများများ စားထားပြီး သူတို့ အနားကပ်လာတာနဲ့ လေမပြတ် လည်ဖို့ လိုပါတယ်။ ပဲမုန့်တိုင်းစစ်ဆင်ရေးလို့ ခေါ်ပါတယ်။ ရန်သူ တွေ အနားမကပ်နိုင်အောင် ကြိုတင်မုန့်တိုင်းဆင်လေ အောင်ပွဲရဖို့ သေချာလေ ဖြစ်ပါတယ်။

၄။ သင့်ရဲ့ လက်ထိတ်ကို ဖြုတ်ပေးပါလိမ့်မယ်။ အမေရိကန်လုပ် လက် ထိတ်နဲ့ ခတ်ထားရင် သင် ကံကောင်းပါတယ်။ သော့တစ်ချက်လှည့် ဖွင့်လိုက်တာနဲ့ လက်ထိတ်က ချောက်ခနဲ ပွင့်သွားမှာဖြစ်ပါတယ်။ တရုတ်လုပ် လက်ထိတ်နဲ့ ခတ်ထားရင် ဒီထက် ကံကောင်းတယ်လို့ မှတ်ပါ။ သူက သော့နဲ့ ဖွင့်စရာ မလိုပါဘူး။ ခပ်ကြမ်းကြမ်းကလေး ဆောင့်လိုက်ရင် အလိုက်တသိ ပွင့်သွားမှာ ဖြစ်ပါတယ်။ အဲဒါမှ မပွင့်ရင် နားဖာကလော်နဲ့ လှည့်လိုက်ရင် အလွယ်တကူ ပွင့်သွားမှာ ပါ။ သော့ပျောက်လို့ လက်ထိတ်တန်းလန်းနဲ့ အကြာကြီးမနေရ အောင် တရုတ်ပညာရှင်တွေက မြန်မာပြည်က ဒီလူတွေအတွက် အထူး တီထွင်ထားတာဖြစ်တယ်လို့ သမိုင်းအထောက်အထား များအရ သိရပါတယ်။ ကံဆိုးရင်တော့ အင်္ဂလိပ် ကိုလိုနီလက်ထိတ်နဲ့ တွေ့မှာ ဖြစ်ပါတယ်။ လက်ထိတ်ကြီးကလေးပြီး သံချေးတွေ ကိုက် နေတတ်ပါတယ်။ သော့ဖွင့်ပြန်တော့လည်း တော်တော်နဲ့ ဖွင့်မရ ဖြစ်နေတတ်ပါတယ်။ မြန်မာပြည်သူတွေအတွက် ကိုလိုနီတွေဟာ အခုထိ အကျိုးပြုနေတုန်းဖြစ်တယ်လို့ သမိုင်းပညာရှင် မှတ်ချက်ပြုရ လောက်အောင် ကိုလိုနီလက်ထိတ်က ခိုင်ခံ့လှပါတယ်။ လက်ထိတ် ဖြုတ်ပြီး သင် ဟုတ် မဟုတ် အသေအချာ စစ်ဆေးပါလိမ့်မယ်။ မှဲ့ဘယ်မှာရှိသလဲ၊ အမာရွတ်ဘယ်မှာရှိသလဲဆိုတာတွေ မှတ်တမ်း

mgyoe.com